ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ နယုန်လဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ (23-5-2007) (၅၃၂၆)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသည့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဒေါက်တာအောင်နိုင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Hul Phany လည်း တက်ရောက်သည်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၂၃-၅-၂၀၀၇
(ဗုဒ္ဓဟူးနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနှင့်ကမ္ဘောဒီးယား အကျိုးတူပူးပေါင်းဆောင်ရွက် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာတိုးတက်

မြန်မာနိုင်ငံသည် လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိသည်။ ကမ္ဘာ့နိုင်ငံများနှင့် မိတ်ဝတ်မပျက် ပေါင်းသင်းဆက်ဆံလျက်ရှိသကဲ့သို့ အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုကို တန်ဖိုးထား၍ ဆက်ဆံလျက်ရှိသည်။

မြန်မာနိုင်ငံနှင့် ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များသည် နိုင်ငံအချင်းချင်း ချစ်ကြည် ရင်းနှီးရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် နည်းပညာစသည့် ကဏ္ဍအသီးသီး၌ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် အပြန်အလှန် လည်ပတ်ခဲ့ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် မေလ ၂၁ ရက်နေ့က နေပြည်တော်သို့ ရောက်ရှိခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထို့အတူ ညနေ့သည်တော် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်သည် ချစ်ကြည်ရေးခရီးစဉ်အတွင်း ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက် ခိုင်မာရေးကိစ္စရပ်များကို ဆွေးနွေးပြီး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) အဖွဲ့ဝင်နိုင်ငံများ ဖြစ်သည်နှင့်အညီ နှစ်နိုင်ငံ ခေါင်းဆောင်များအကြား အပြန်အလှန် လည်ပတ်မှုများကြောင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများနှင့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုသွက်လက် ခိုင်မာလျက်ရှိသည်။

သို့ဖြစ်ရာ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သည့် ချစ်ကြည်ရေးခရီးစဉ်သည် မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုရလဒ်များ ပိုမိုဖြစ်ထွန်းလာစေမည့်အပြင် အစဉ်အဆက် တည်ရှိနေသည့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုသည်လည်း ဆက်လက်တိုးတက် ခိုင်မာမြဲမြံနေမည် ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ဒလမြို့နယ်မှ မိဘ နှစ်ပါးဖြစ်သော ဦးမြတ်စိုး–ဒေါ်မြအိ အမှူးထား၍ ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း သုခလမ်းနေ ကိုဇော်ထွန်းဦး–မဌေးဌေးနှင့်သား ထွန်းသီဟအောင် မိသားစုက အလှူငွေ အမေရိကန်ဒေါ်လာ ၁၀၈ ဒေါ်လာကို ရန်ကုန် တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ဖြိုးရော ငါးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်အေးလိုက်ပါလျက် မေ ၁၉ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် တညင်တောင်ကျေးရွာအုပ်စု၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဖြိုးရောကုမ္ပဏီက ဆောင်ရွက်လုပ်ကိုင်မည့် ငါးမွေးမြူရေးအစာတောင့်စက်ရုံနှင့် ရေခဲစက် တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း ဧရာဝတီတိုင်းအတွင်းရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ခံများအား အမှာစကားပြောကြားစဉ်။ (မွေး/ရေ)

ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း သာပေါင်းမြို့နယ် သဲဖြူကျေးရွာရှိ ဖြိုးရော ငါးမွေးမြူရေးလုပ်ငန်း၏ အမှတ်(၃) ငါးမွေးမြူရေးစခန်း (သဲဖြူ) သို့ ရောက်ရှိပြီး တာဝန်ရှိသူများ၏ တင်ပြချက်အပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့မှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်သည် သာပေါင်းမြို့နယ် ဇီးဖြူကွင်းကျေးရွာ၌ ဖြိုးရော ငါးမွေးမြူရေးလုပ်ငန်း၏ အမှတ်(၅) ငါးမွေးမြူရေးစခန်း(ဇီးဖြူကွင်း)သို့ရောက်ရှိပြီး ငါးငယ်ပြုစုကန်များရှိ ငါးသန်အရွယ်မျိုး ငါးသားပေါက်များ၏ ကြီးထွားသန်စွမ်းမှုနှင့် ရေအရည်အသွေးများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မေ ၂၀ ရက် နံနက်ပိုင်းတွင် အနောက်တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေ လိုက်ပါလျက် ယုဇနအုပ်စု၏ ငဝန်မြစ်အတွင်း လှောင်အိမ်စနစ်ဖြင့် ငါးတန်အသားတိုး မွေးမြူဆောင်ရွက်နေမှုနှင့် ငါးတန်အသားလွှာ ပြုပြင်ထုတ်လုပ်မှု အအေးခန်းစက်ရုံနှင့် တစ်နာရီလျှင် ၁၀တန်ကျ ငါးအစာတောင့်စက်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့မှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်မြို့ အပင်နှစ်ဆယ်ရှိ အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ မျိုးကြက်ခြံနှင့် ကြက်သားပေါက် ထုတ်လုပ်ဖြန့်ဖြူးရေးစခန်းသို့ ရောက်ရှိပြီး စခန်းတာဝန်ခံနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဝန်ကြီးက ကြက်ငှက်တုပ်ကွေးရောဂါ မကျရောက်စေရေးအတွက်ဇီဝလုံခြုံမှုစနစ် တိုးမြှင့်ဆောင်ရွက်ထားရှိရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ဧရာဝတီတိုင်း ပန်းတနော်မြို့နယ်ရှိ ငါးလုပ်ငန်းဦးစီးဌာန ပသွယ်ငါးလုပ်ငန်း စခန်းသို့ရောက်ရှိပြီး ငါးသားပေါက်ထုတ်လုပ်ထားရှိမှု၊ တီလားပီးယားငါး အစာနှင့် ငါးအစာတောင့်များကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် မအူပင်မြို့နယ် ဝါးတောကျေးရွာရှိ ဖြိုးရော ငါးမွေးမြူရေးလုပ်ငန်း၏ အမှတ်(၂) ငါးမွေးမြူရေးစခန်း(ဝါးတော)သို့ ရောက်ရှိပြီး အသားတိုးငါးကန်များမှ ဖော်ယူရောင်းချပြီးစီးမှုနှင့် ဆက်လက်ထည့်သွင်း မွေးမြူသွားမည့် အခြေအနေများနှင့် မီးသွေးချောင်ကျေးရွာရှိ ဖြိုးရော ငါးမွေးမြူရေးလုပ်ငန်း၏ အမှတ်(၆) ငါးမွေးမြူရေးစခန်း ရှင်းလင်းဆောင်နှင့် ငါးငယ်ပြုစုကန်၊ အသားတိုးမွေးကန်များ တူးဖော်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွယ်လွန်သူ ဒေါ်မြတင်အား ရည်စူး၍ ဦးဘခင်နှင့် နဂါးကမ္ဘာလုံးစားသောက်ဆိုင်(မွန်ဆိုင်) မိသားစု (၄၁) ရပ်ကွက် သဇင်မြိုင်လမ်း ဒဂုံမြို့သစ် (မြောက်ပိုင်း) ရန်ကုန်မြို့က ငွေကျပ် ၂၀၀၀၀၀ ကို ဇီဝိတဒါနသံဃာ့ဆေးရုံ ထာဝရဆွမ်းဆေးပဒေသာပင်အတွက် လှူဒါန်းစဉ်။ (က–ပ)

ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးအား ဂျပန်နိုင်ငံညွှဲအဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၂၂

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးအား ဂျပန်နိုင်ငံ Nippon Foundation မှ Executive Director, Mr. Shuichi Ohno ဦးဆောင်သောအဖွဲ့သည် မေ ၂၁ ရက် နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌လည်းကောင်း၊ ဂျပန်နိုင်ငံ NHK Correspondent Bangkok Bureau မှ Mr. Ichiro Kabasawa ဦးဆောင်သောအဖွဲ့သည် ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌လည်းကောင်း လာရောက်တွေ့ဆုံကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးနှင့်အတူ ကျန်းမာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝက်လက်မြို့နယ်အသင်း (ရန်ကုန်) ချီးကျူးပူဇော်ပွဲနှင့် အစည်းအဝေးကျင်းပမည်

ရန်ကုန် မေ ၂၂

ဝက်လက်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် အာဘိဓမ္မိကဘွဲ့နှင့် တိပိဋကရေဘွဲ့တံဆိပ်တော်ရစစ်ကိုင်းမြို့ မဟာသုဗောဓာရုံကျောင်းတိုက်မှ အရှင်အဘိဇာတာဘိဝံသအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို မေ ၂၇ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မိုးကောင်းလမ်းရှိ နိမ္မိတာရုံကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ ယင်းဂုဏ်ပြုပူဇော်ပွဲတွင် တေးသံရှင် ဒေါ်ရီရီသန့်က ဂုဏပသံသာရတုပိုဒ်စုံနှင့် ဓမ္မတေးထပ်များဖြင့် သီဆိုပူဇော်ပြီး ကြွရောက်လာသူများအား အလှူရှင်ဒေါ်အေးမြင့်မိသားစု နီနီ(မြဝတီ) ထရေးဒင်းကုမ္ပဏီက နံနက်စာဖြင့် ကျွေးမွေးဧည့်ခံမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

မိုးပြင်မဟုတ်ပါ

အောင်ဆွေဦး
(အမ်ဂျီအက်စ်–မော်ဘီ)

ကျွန်တော် ပုံပြောနေသည်ဟု မထင်စေလိုပါ။ အမှတ်မထင်ကြုံတွေ့ခဲ့ရသော အဖြစ်ကလေး ဖြစ်ပါသည်။ မြန်မာ့စိတ်ထား၊ မြန်မာ့နှလုံးသားကို ပေါ်လွင်စေလှ၍ တင်ပြမိပါသည်။ ဟိုပြော သည်ပြော ပြောစကားများနှင့် ကွာခြားလှ၍ ယုံချင်မှလည်း ယုံကြပါလိမ့်မည်။ သို့သော် ကာယကံရှင်တို့မှာ ယခုရှိနေ၍ သွားရောက် စုံစမ်းမေးမြန်း ကူညီနိုင်ကြပါသည်။

ကျွန်တော်၏ ဒုတိယသမီး လည်ပင်းတွင် အကျိတ်ကလေးများ ပေါ်လာပါသည်။ မနာမကျင်မို့ ကျွန်တော်တို့ စိုးရိမ်ကြပါသည်။ အိမ်နားမှ ကျန်းမာရေးဆရာမကလည်း ဆရာဝန်နှင့်ပြရန် တိုက်တွန်းပါသည်။ ထို့ကြောင့် အင်းစိန်မှ နာမည်ကြီး ပုဂ္ဂလိကဆေးခန်းတစ်ခုသို့ သားအဖ သားအမိသုံးယောက် ချီတက်ခဲ့ကြသည်။ ကားခသုံးယောက်စာ၊ လက်မှတ်၊ စမ်းသပ်ခ ၂၇၀၀နှင့်ဆိုတော့ သကြံန်အတွက် ရထားသော ဘောနပ်စ်ကလေး တော်တော် ချောသွားပါသည်။

ဆရာဝန်ကြီးက စမ်းသပ်ကာ Biopsy စမ်းသပ်ချက် လုပ်သင့်ကြောင်း၊ ထိုအဖြေပေါ်မှ အတိအကျ သိနိုင်ကြောင်း ပြောပြသည်။ ကုန်ကျစရိတ်ကို မေးကြည့်ရာ အနိမ့်ဆုံး သုံးသောင်းခွဲခန့်ရှိနိုင်ကြောင်း သိရပါသည်။

ကျွန်တော့်ထံတွင် ထိုမျှပါမသွား၍ နောက်နေ့မှလာရန် တိုင်ပင်ပြီး အိမ်ပြန်ခဲ့ကြသည်။ ကင်ဆာများ ဖြစ်မလား စိတ်ထဲမှာ ပူနေကြသည်။ ကုန်ကျစရိတ်ကကော ဒါနဲ့မှ ရပ်ပါ့မလား။ အားလုံး ဝိုင်းတိုင်ပင်မိကြသည်။ တိုင်ပင်ရင်းနှင့် ဇနီးဖြစ်သူ၏ မောင်ဝမ်းကွဲ ဆရာဝန်ကလေးကို သတိ ရကြသည်။ သူက ခွဲစိတ်အထူးကုဖြစ်ရေး ကြိုးစားနေသူဖြစ်သည်။ သူနှင့် တိုင်ပင်ရန် စိတ်ကူးရ၍ သူ့မိခင်နှင့် သွားတွေ့ကာ ဆက်သွယ်နိုင်ရေး ကြိုးပမ်းရသည်။

ဖုန်းနံပါတ်ရ၍ ဆက်လိုက်ပြီး အကျိုးအကြောင်း ပြောပြ တိုင်ပင်ရသည်။

"ဟုတ်တယ်အစ်ကို ဒီစမ်းသပ်ချက်လုပ်မှ အဖြေရမှာ။ အပြင်မှာတော့ ကုန်မှာပေါ့။ ဆေးရုံကို လာခဲ့လေ။ ထောင်ဂဏန်းလောက်ပါပဲ။ ဒါလဲ တတ်နိုင်မှပါ။ မတတ်နိုင်ရင်လဲရပါတယ်"

"ဘယ်ဆေးရုံမှာ မင်းတာဝန်ကျနေတာလဲ"

"အထွေထွေရောဂါကု ဆေးရုံကြီးလေ၊ ရန်ကုန်သရက်တောကျောင်းတိုက်နားကဗျာ၊ အခု တစ်ခါတည်းလာခဲ့တော့ ဟုတ်လား"

ကျွန်တော်တို့ မိသားစု ဝမ်းသာစွာ အပြေးအလွှားရောက်သွားကြတော့ အပြင်လူနာဌာနတွင် ချက်ချင်း စမ်းသပ်ကာ နောက်တစ်နေ့ခွဲရန် ခွဲခန်းသုံးပစ္စည်းများ "ဝင်း" ဆေးဆိုင်တွင် ဝယ်ခိုင်းသည်၊ ည ၁၁ နာရီမှစ၍ မစားမသောက်ရန် မှာကြားလိုက်သည်။

နောက်တစ်နေ့ ၁၀ နာရီတွင် ခွဲစိတ်ကာ အသားစထုတ်ယူ၍ ရောဂါရှာဖွေရေးဌာနသို့ ပို့ရသည်။ ဓာတ်ခွဲစမ်းသပ်ခ၊ စားရန်ဆေး (ခုနစ်ရက်စာ)၊ ပိုးသတ်ဆေး၊ ခွဲရန်ပစ္စည်းဝယ်၊ အားလုံးကုန်ကျစရိတ်မှာ ကျပ်တစ်သောင်းပင်မပြည့်ပါ။

ကျွန်တော်တို့လို အခြေခံလူတန်းစားများအတွက် အဆင်ပြေလွန်းလှပါ၏။ ဤအဖြစ်က ကျွန်တော် လက်တွေ့ကြုံရသော အဖြစ်အပျက်ပါ။

ထိုအသားစအတွက် အဖြေစာရွက်သည် သင်္ကြန်ပိတ်ရက်ခံနေ၍ ၂၃–၄–၂၀၀၇တွင် ချိန်းသဖြင့် ကျွန်တော် အထွေထွေရောဂါကု ဆေးရုံကြီးသို့ ထပ်မံရောက်ခဲ့ရသည်။ ထိုအဖြေကို ရောဂါဗေဒဆရာဝန်ကြီးထံမှ ယူ၍ ခွဲစိတ်ကုသပေးသော ညီငယ်ဆရာဝန်ထံ ပြန်ပြရမည်ဖြစ်ရာ အဖြေစာအိတ်ကိုယူပြီး ဒုတိယထပ်မှ ဆရာဝန်ထံ တက်လာခဲ့သည်။

"ဆရာခွဲခန်းဝင်နေတယ်။ ခဏစောင့်ပါနော်၊ မေဂျာကေ့စ်မို့ အရေးကြီးလို့ပါ"

ခွဲစိတ်ဆောင်အဝမှ ကုလားထိုင်တွင်ထိုင်ရင်း ၄ဝါကြွေခင်းပေါ်မှ စံကားပွင့်ကြွေဖြူကလေးများဖြင့် လှသော ပန်းခြံကို ငေးနေမိသည်။

ကျွန်တော့်ဘေးမှာ လူငယ်တစ်ဦးလာရပ်၏။ အဝတ်နွမ်းနွမ်း ဖိနပ်ကဖင်ပြတ်။ သူ့မျက်လုံးများက စိုးရိမ်ပူပန် မျက်လုံးများ၊ ခုံပေါ်မှာ မထိုင်ဘဲ ကြမ်းပြင်ပေါ်ထိုင်ချကာ နံရံကို ခြေပစ်လက်ပစ် မှီလျက် ခွဲစိတ်ခန်းဆီ မျှော်ကြည့်နေသည်။

ခုနက သူနာပြုဆရာမပြောသည့် မေဂျာကေ့စ်လူနာရှင်နဲ့ တူပါရဲ့။

"ညီလေးက ခွဲခန်းထဲက လူနာရှင်လား"

"ဟုတ်တယ်၊ ကျွန်တော့်မိန်းမပေါ့၊ အစာအိမ်ခွဲရတာလေ၊ သွေးဝမ်းတွေသွား၊ ဗိုက်ကအောင့်နဲ့၊ သွေးသွင်းရတာ ခြောက်ပုလင်းတောင်ရှိပြီ"

"နယ်ကလာတာလား"

"ဖျာပုံနားက ဘုန်းကြီးသောင်ရွာကပါ"

"ဘုန်းကြီးသောင်– ဩော် သတင်းစာမှာ မီးလောင်တဲ့သတင်း ဖတ်လိုက်ရတယ်"

"ဟုတ်တယ်၊ မိန်းမတစ်ယောက်လေ၊ ဘဲဥကြော်တာ ဒယ်ထဲမီးဝင်တောက်တော့ ဒယ်ကိုလွှင့်ပစ်လိုက်တယ်၊ အဲဒီပေါ့ဆမီးကြောင့် တစ်ရွာလုံးကုန်ရော၊ ကျွန်တော်တို့လည်းကုန်တာပဲ၊ ဘာမှမကျန်တော့ဘူး"

"ဟင်–ဒါဖြင့် ဘယ်လိုလုပ်ပြီး ဆေးကု..."

ကျွန်တော်စကား အဆက်ခက်သွားသည်။ အစာအိမ်ခွဲစိတ်မှုသည် သိပ်မသေးလှသော ခွဲစိတ်မှုဖြစ်၍ စရိတ်မျှပေးနေသည့်တိုင် အတော်ကုန်ပေလိမ့်မည်။ သူ့အသွင်က အကုန်အကျခံနိုင်မည့်ပုံ မဟုတ်လေတော့...။

"ဒီလိုလေ၊ ပထမ မီးမလောင်ခင် ကျွန်တော်တို့ ဆေးရုံလာတက်သေးတယ်။ နေ၊ စား၊ လမ်းစရိတ်၊ ဆေးစရိတ်၊ အထွေထွေနဲ့ ၂၀၀၀၀ နီးပါးကုန်သွားတယ်၊ ရက်ကလဲကြာတာကိုး၊ သူကလဲ ခွဲမှဖြစ်မှာဆိုတော့ ပိုက်ဆံပြန်ရှာရင်း ခဏဆင်းသွားကြတာ၊ ပိုက်ဆံရှာတုန်း အိမ်ပါကုန်သွားတော့ ဘာမှကို မကျန်တော့ဘူး။ သူကလဲ ဗိုက်က တအားအောင့်လာတော့ မီးဘေးကယ်ဆယ်ရေးကပေးတဲ့ အိတ်နှစ်လုံးရယ်၊ အဝတ်ကလေးတွေရယ်၊ ပိုက်ဆံလေးရယ်နဲ့ ရန်ကုန်ပြန်လာတာ၊ ဆေးရုံရောက်တော့ ၅၀ ပဲ ကျန်တော့တယ်"

"ဒီတော့ ဘယ်လိုဆက်လုပ်လဲ"

"ဆေးရုံပြန်တက်တယ်၊ သူကနို့မှုန့်ပဲ သောက်ရတော့ အိတ်နှစ်လုံးနဲ့ အဝတ်တွေ ကမ်းနားဈေးသွားရောင်းလိုက်ရတယ်၊ နို့မှုန့်ဖိုးပေါ့။ ကျွန်တော်ကတော့ သရက်တောကျောင်းတိုက်က ဘုန်းကြီးကျောင်းတွေမှာ ဆွမ်းစားပြီးချိန်မယ် ပြောပြပြီး သွားသွားစားတယ်၊ ဘုန်းကြီးတွေက ကျွေးပါတယ်။ ခုဆို ဓမ္မာရုံကျောင်းက ကျွန်တော့်ကို မနက်၊ ည အမြဲကျွေးနေပါတယ်"

"ကုသဖို့ ခွဲဖို့ကတော့ကော"

"ကျွန်တော်အဖြစ်မှန်အတိုင်း ပြောပြတယ်လေ။ ဆရာဝန်တွေက စိတ်မပူနဲ့ တို့ကြည့်လုပ်ပေးမယ်လို့ ပြောကြတယ်။ ဆရာဝန်မကြီး တစ်ယောက်က သွေးသွင်းဖို့ အိတ်ဖိုး (သွေးက အလကား၊ အိတ်ဖိုးက ထောင်ချီတယ်)၊ ဆေးဖိုး အထွေထွေလိုအပ်သမျှကို လိုတိုင်းပိုက်ဆံထုတ်ပေးပြီး ဝယ်ခိုင်းတယ်၊ ဘောက်ချာတော့ သူ့ကိုပြန်ပေးရတယ်။ ကျွန်တော်မှတ်ထားတာ ဒီနေ့ ဝယ်ရတာတွေရောဆို ၁၃ ရက်ကို သိန်းတော်တော် ကျော်သွားပြီ။ ကျွန်တော့်ဖို့လဲ မုန့်ဖိုး၊ ထမင်းဖိုး ပေးသေးတယ်။ နောက်ပြီး ဒီအထပ်ကပဲ ပုပုဝဝမျက်မှန်နဲ့ ဆရာဝန်လေးကလဲ လူနာဖို့ ကွေကာအုပ်အထုပ်တွေ မနည်းဘူး ပေးထားသေးတယ်"

"သူတို့နာမည်တွေကော သိလား"

"မသိဘူးအစ်ကိုရ။ ကျေးဇူးရှင်တွေကို နာမည်မေးပြီး မှတ်ထားရမယ်။ အိပ်တိုင်းကန်တော့ပြီးမှအိပ်ရမယ်လေ။ ကျွန်တော်တို့သာ တောမှာဆက်နေရင် ကျွန်တော့်မိန်းမ ခုလောက်ဆို ရက်လည်ပြီးလောက်ပေါ့။ ပိုက်ဆံမရှိလဲ ဆေးကုလို့ရတဲ့ ပြည်သူ့ဆေးရုံတွေရှိတယ်၊ စေတနာရှင် ကျန်းမာရေးဝန်ထမ်းတွေ ရှိတယ်ဆိုတာ တောကျရင် ပြောပြရမယ်"

ခွဲခန်းဘက် မျှော်ကြည့်ရင်း ကျွန်တော်တို့စကားလက်ဆုံကျနေကြစဉ် အပြာရောင်ခွဲခန်းဝတ်စုံဖြင့် ဆရာဝန်မကြီးတစ်ဦး ထွက်လာပြီး ကျွန်တော့်ဘေးမှ လူနာရှင်ကို လက်ယပ်ခေါ်၏။

"ကောင်းသွားပြီသိလား။ သည်းခြေအိတ် သွေးစိမ့်နေလို့ လုပ်နေတယ်၊ နင့်မိန်းမ နေကောင်းပြီသိလား၊ စိတ်ပူမနေနဲ့၊ နင် ထမင်းကော စာပြီးပြီလား။ ပိုက်ဆံကော ရှိသေးရဲ့လား"

လူငယ်၏မျက်နှာမှာ ဝမ်းသာမှုဖြင့် ဝင်းလက်သွား၏။

"ဟုတ်ကဲ့ပါဆရာမကြီး။ ကျွန်တော်စိတ်ပူလို့ ထမင်းမစားသေးဘူး၊ ပိုက်ဆံလဲရှိပါသေးတယ်"

"အေး အေး စိတ်ချနေ ဟုတ်လား၊ တော်ကြာမှ ထွက်လာလိမ့်မယ်"

ဆရာဝန်မကြီးခွဲစိတ်ခန်းထဲသို့ ပြန်ဝင်သွားသည်။

"အဲဒါ ပိုက်ဆံထုတ်ပေးနေတဲ့ ဆရာဝန်မကြီးပေါ့ အစ်ကိုရ"

ဝမ်းသာအားရဖြင့် သူပြောသည်။

"အေးကွာ၊ ဟုတ်ပါပြီ ဟုတ်ပါပြီ"

သူ့ထံမှ အပျော်များကူးစက်ကာ သမီးအတွက် စိတ်ပူနေမှုပင် လျော့ပါးလာမိပါ၏။ သူ့ကို ဘယ်လိုရန်ပုံငွေမှ ကူညီပေးကြသနည်း။ သို့မဟုတ် ဆရာဝန်များစုပြီး ကူညီကြသည်လား၊ သို့မဟုတ် တစ်ဦးတည်းက ကူညီသည်လား ကျွန်တော်မသိပါ။

သို့သော် ပိုက်ဆံမရှိ၍ ရောဂါမပျောက်နိုင်၊ ဆေးရုံမတက်နိုင်သူများကိုကူညီမည့် အထွေထွေရောဂါကုဆေးရုံကြီးကတော့ အမှန်ပင် ကူညီကုသပေးနေပါသည်။ ထိုသူများအတွက် အစွမ်းကုန်စေတနာအပြည့်ဖြင့် ကုသပေးနေသော (နာမည်မသိ)ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများကိုလည်း လွန်စွာလေးစား ကြည်ညိုဦးညွှတ်မိပါသည်။

အများထင်နေကြသော ဆေးရုံတက်ရင် ပိုက်ဆံရှိမှဟူသော အထင်ကို ဤပြည်သူ့ဆေးရုံက အမြင်မှန်ပေးနေပါသည်။ အမှန်ဆင်းရဲသူများ (ဆင်းရဲယောင်ဆောင်သူများကိုမဆိုလိုပါ)အတွက် ဤပြည်သူ့ဆေးရုံကြီးမှ အမှန်အိတ်စိုက်ကုသပေးနေပါ၏။

မယုံကြည်ပါက ဤဆေးရုံကြီး၏ ဒုတိယထပ်တွင် ဘုန်းကြီးသောင်ကျေးရွာမှ (မောင်...) တို့ဇနီးမောင်နှံရှိနေကြပါသေးသည်။ သွားရောက်စုံစမ်းမေးမြန်းကူညီနိုင်ကြပါသည်။

မြန်မာဘုန်းတော်ကြီးကျောင်းများသည် အလှူရေစက်လက်နှင့်မကွာ လှူဒါန်းနေသူ မြန်မာတို့၏ ဒါနကုသိုလ်ကြောင့် ခရီးသွားဧည့်သည်များအတွက် အမြဲတမ်းထမင်းအိုးကြီးများ ဖြစ်သလို မြန်မာတိုင်းသည် အမြဲကုသိုလ်ပြုလှူဒါန်း ကူညီချင်သူများဖြစ်ကြောင်း ကမ္ဘာက သိစေချင်လှပါ၏။

ကာယကံရှင်များက တိတ်တိတ်ကလေး လှူဒါန်းကြသော်လည်း ကြော်ငြာပြီးလှူသော အလှူမျိုးမဟုတ်၍ လေးစားပီတိကြောင့် ကျွန်တော် ကြော်ငြာမိပါပြီ။ ခွင့်လွှတ်ပါဆရာဝန်ကြီးများ၊ ဆရာ၊ ဆရာမများခင်ဗျား။

ပိုက်ဆံမရှိ၍ ရောဂါမပျောက်နိုင်၊ ဆေးရုံမတက်နိုင်သူများကိုကူညီမည့် အထွေထွေရောဂါကုဆေးရုံကြီးကတော့ အမှန်ပင် ကူညီကုသပေးနေပါသည်။ ထိုသူများအတွက် အစွမ်းကုန် စေတနာအပြည့်ဖြင့် ကုသပေးနေသော (နာမည်မသိ) ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများကိုလည်း လွန်စွာလေးစား ကြည်ညိုဦးညွှတ်မိ။



ပြင်သစ်နိုင်ငံ၌ ကျင်းပသည့် ဟိုက်ဒရိုဂျင်လောင်စာသုံး ကားမောင်းပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်သည့် ကားနှစ်စီးကို မေ ၂၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရှားပါးပင်လယ်လိပ် မဲခေါင်မြစ်တွင် တွေ့ရ

ဖနောင်ပင် မေ ၂၁

ကမ္ဘာပေါ်ရှိ ပင်လယ်လိပ်များအနက် အရွယ်အစား အကြီးဆုံးပင်လယ်လိပ်တစ်မျိုး၏ အသိုက်အမြုံကို ကမ္ဘောဒီးယားနိုင်ငံရှိ မဲခေါင်မြစ်၏ လူသူအရောက်အပေါက်မရှိသော နေရာတစ်နေရာတွင် ရှာဖွေတွေ့ရှိရကြောင်း၊ ဤတွေ့ရှိချက်သည် မျိုးသုဉ်းနိုင်သော ပင်လယ်လိပ်များကို ကယ်တင်နိုင်ရန် မျှော်လင့်ချက်ဖြစ်ကြောင်း သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းသူများက မေ ၁၈ရက်တွင် ပြောကြားသည်။

ကွန်ဆာဗေးရှင်းအင်တာနေရှင်နယ်အဖွဲ့၊ ကမ္ဘာတောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေး ရန်ပုံငွေအဖွဲ့နှင့် ကမ္ဘောဒီးယားရေလုပ်ငန်းဦးစီးဌာနမှ သိပ္ပံပညာရှင်များသည် အာရှနွယ်ဖွား ပင်လယ်လိပ်မကြီးတစ်ကောင်ကို ရှာဖွေတွေ့ရှိခဲ့ရကြောင်း၊ မတ်လအတွင်း မဲခေါင်မြစ်တစ်လျှောက်တွင် စူးစမ်းလေ့လာမှုများ ပြုလုပ်နေချိန်အတွင်း ယင်းသို့ တွေ့ရှိရခြင်းဖြစ်ကြောင်း၊ ယင်းလိပ်မကြီးမှာ ၁၁ကီလိုဂရမ် (၂၄ပေါင်)အလေးချိန်ရှိပြီး သိပ္ပံပညာရှင်များက မှတ်တမ်းတင်ပြီးနောက် ပြန်လည်လွှတ်ပေးခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့မှ ၁၁၅မိုင်အကွာ စတန်းထရန်ပြည်နယ်ရှိ မဲခေါင်မြစ်ကမ်းပါးတစ်နေရာတွင် ပင်လယ်လိပ်များ၏ အသိုက်အမြုံတစ်ခုကို ရှာဖွေတွေ့ရှိခဲ့သည်။ ယခုအခါ မျိုးသုဉ်းသွားပြီဟုယူဆရသော ပင်လယ်လိပ် တစ်မျိုးကို မိမိတို့ ရှာဖွေတွေ့ရှိရခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ယင်းပင်လယ်လိပ်မျိုးသည် ဘဝတစ်သက်တာ၏ ၉၅ ရာခိုင်နှုန်းအချိန်ကာလကို သဲမြေသို့မဟုတ် ရွှံ့မြေအတွင်း ပုန်းခိုကာ နေထိုင်တတ်ကြောင်း၊ မျက်လုံးများနှင့် နှာခေါင်းတို့ကိုသာဖော်၍ နေထိုင်တတ်ကြောင်း၊ ယင်းပင်လယ်လိပ်သည် ခြောက်ပေအထိ ကြီးထွားလာနိုင်ပြီး အလေးချိန် ပေါင် ၁၁၀အထိ ရှိနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။ **အင်တာနက်။**

ဗီယက်နမ်ကုမ္ပဏီ တမာစေ့မှ ပိုးသတ်ဆေး ထုတ်လုပ်မည်

ဟနွိုင်း မေ ၂၁

ဗီယက်နမ်နိုင်ငံရှိ ပိုးသတ်ဆေးထုတ်လုပ်ရေးကုမ္ပဏီသည် တမာစေ့မှ ပိုးသတ်ဆေးထုတ်ယူနိုင်မည့် နည်းစဉ်ကို အောင်မြင်စွာရှာဖွေတွေ့ရှိထားကြောင်း မေ ၁၈ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ပိုးသတ်ဆေးနှစ်မျိုးကို တမာစေ့မှ ထုတ်ယူသွားမည်ဖြစ်ကြောင်း၊ ယင်းပိုးသတ်ဆေးများသည် စပါးနှင့် အခြားကောက်ပဲသီးနှံများ၌ ကျရောက်တတ်သော ပိုးမွှားများနှင့် မှိုရောဂါများကို နှိမ်နင်းရာတွင် ထိရောက်ကောင်းမွန်ကြောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီမှုရှိသော ပိုးသတ်ဆေးများလည်းဖြစ်ကြောင်း ဗီယက်နမ် ပိုးသတ်ဆေးထုတ်လုပ်ရေး ကုမ္ပဏီက ပြောကြားသည်။ ပိုးမွှားနှိမ်နင်းရေးတွင် တမာပိုးသတ်ဆေးများ အရေးပါလာမည်ဖြစ်သည်။ **အင်တာနက်။**

ကင်ညာတွင် ပစ်ခတ်မှုဖြစ်ပွား တောအုပ်သုံးဦးနှင့် မုဆိုးလေးဦး သေဆုံး

နိုင်ရိုဘီ မေ ၂၁

ကင်ညာနိုင်ငံ အရှေ့တောင်ပိုင်းတွင် ပစ်ခတ်မှုဖြစ်ပွားခဲ့သဖြင့် တောအုပ်သုံးဦးနှင့် အမဲလိုက်မုဆိုးလေးဦး သေဆုံးခဲ့ကြောင်း ကင်ညာတောရိုင်း တိရစ္ဆာန်ဌာန(ကေဒဗလျူအက်စ်)က စနေနေ့တွင် ပြောကြားသည်။

ကြံ့ချိုနှင့် ဆင်စွယ်တို့အတွက် ဆင်နှင့်ကြံ့များကိုသတ်ဖြတ်ရန် ကြိုးပမ်းသည့် အမဲလိုက်သူများနှင့် တောရိုင်းတိရစ္ဆာန်ဌာနမှ တောအုပ်များ အပြန်အလှန်ပစ်ခတ်ကြရာ တောအုပ်များက အမဲလိုက်သူလေးဦးကို သတ်ဖြတ်ခဲ့ပြီး ဒဏ်ရာရရှိသည့် အခြားအမဲလိုက်သူများမှာလည်း ထွက်ပြေးကြကြောင်း၊ အေကေ-၄၇ ရိုင်ဖယ်သေနတ်နှစ်လက်နှင့် ပုဆိန်နှစ်လက်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း တောရိုင်းတိရစ္ဆာန်ဌာနမှ အာဏာပိုင်တစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဂျီ-၈ အုပ်စုဝင်နိုင်ငံများ ကတိစကားမတည် အာဖရိကနိုင်ငံများအား အထောက်အပံ့ပေးရန် ပျက်ကွက်

ပို့စ်ဒမ် (ဂျာမနီ) မေ ၂၁

ကမ္ဘာ့စက်မှုဖွံ့ဖြိုးပြီး ရှစ်နိုင်ငံအုပ်စု (ဂျီ-၈) ဝန်ကြီးများသည် အာဖရိကနိုင်ငံများသို့ အထောက်အပံ့ပေးရေး ကိစ္စတွင် ၎င်းတို့၏ ကတိကဝတ်များပျက်ပြားမှုအတွက် ဆွေးနွေးရခြင်း မရှိစေရန် ရှောင်တိမ်းလျက်ရှိကြောင်း ဗြိတိန်နိုင်ငံရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်သည့် အောက်စ်ဖမ်းအဖွဲ့က တနင်္လာနေ့တွင် ဝေဖန်ပြောကြားသည်။

ချမ်းသာကြွယ်ဝသော နိုင်ငံများပါဝင်သည့် ဂျီ-၈နိုင်ငံများ၏ ဘဏ္ဍာရေးဝန်ကြီးများ၏ နှစ်ရက်ကြာ အစည်းအဝေးကို ပို့စ်ဒမ်မြို့အနီး ရှဝိန်လိုစီကန်တော်ကြီးအပန်းဖြေစခန်း၌ ကျင်းပနေချိန်တွင် အောက်စ်ဖမ်းအဖွဲ့က ယင်းသို့ ဝေဖန်လိုက်ခြင်းဖြစ်သည်။

အာဖရိကနိုင်ငံများသို့ အကူအညီပေးရန် လွန်ခဲ့သည့်နှစ်များက ကျင်းပခဲ့သော ဂျီ-၈ အစည်းအဝေးများ၌ ကတိကဝတ်များ ပေးခဲ့ကြကြောင်း၊ သို့ရာတွင် ယခုနှစ် အစည်းအဝေး၌ ဂျီ-၈ ဘဏ္ဍာရေးဝန်ကြီးများက ၎င်းတို့၏ ကတိကဝတ်များ ပျက်ပြားခဲ့မှုကို ထည့်သွင်းဆွေးနွေးခြင်းမပြုဘဲ မသိကျိုးကျွံပြုနေကြကြောင်း အောက်စ်ဖမ်းအဖွဲ့ကပြောကြားသည်။ ချမ်းသာသော နိုင်ငံများသည် ၎င်းတို့၏ ကတိပြုချက်များအရ ပေးရန်ရှိသော ငွေကြေးပမာဏ၏ ၁၀ ရာခိုင်နှုန်းကိုသာ ပေးလေ့ရှိကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်ဦးဆောင်သော အာဖရိက တိုးတက်ရေးအဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

သူနာပြုနှင့် ဝမ်းဆွဲရှားပါးမှု ဇမ်ဘီယာတွေ့ကြုံနေရ

လူဆာကာ မေ ၂၁

ဇမ်ဘီယာနိုင်ငံတွင် သူနာပြုများနှင့် ဝမ်းဆွဲများ အလွန်အမင်း ရှားပါးလျက်ရှိပြီး အင်အား ၁၃၅၀၀ ခန့် လိုအပ်နေကြောင်း ဆန်းဒေးတိုင်းမ် အော့ဖ် ဇမ်ဘီယာ သတင်းစာက တနင်္ဂနွေနေ့တွင် ရေးသားဖော်ပြသည်။ သူနာပြုများ အများအပြား လိုအပ်မှုသည် မိမိတို့၏ ကျန်းမာရေးစနစ် မျှော်မှန်းချက်များကို ထိခိုက်စေကြောင်း၊ အစိုးရအနေဖြင့် ယင်းပြဿနာ ဖြေရှင်းနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း ကျန်းမာရေး ဝန်ကြီး မက်ချီလာ၏ ပြောကြားချက်ကို ကိုးကား၍ အဆိုပါသတင်းစာက ဖော်ပြသည်။ ဇမ်ဘီယာနိုင်ငံ၌ ၁၃၅၀၀ ခန့် လိုအပ်လျက်ရှိပြီး လက်ရှိအားဖြင့် သူနာပြု ၉၀၀၀သာရှိသည်ဟု ၎င်းက ပြောကြားသည်။

အစိုးရက သူနာပြုနှင့် ဝမ်းဆွဲများ မွေးထုတ်နိုင်ရန် သင်တန်းကျောင်း သုံးကျောင်း ဖွင့်လှစ်ရန်ကြိုးပမ်းခဲ့သော်လည်း သင်ပြမည့် ဆရာများ နည်းပါးခဲ့ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ကနေဒါနိုင်ငံ မိုးရှင်းကုမ္ပဏီထုတ် ဘလက်ဘယ်ရီအမျိုးအစား မိုဘိုင်းလ်ဖုန်းတစ်လုံးကို မေ ၂၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပြန်ပေးဆွဲခံရသူ မိန်းကလေးတစ်ဦး ရှာဖွေတွေ့ရှိ

လစ္စဘွန်း မေ ၂၁

စပိန်နိုင်ငံ မာလာဂါမြို့တွင် မေ ၁၉ ရက်က ပြန်ပေးဆွဲခံခဲ့ရသည်ဟု ယူဆရသည့် အသက် ၁၁ နှစ်အရွယ် မိန်းကလေးတစ်ဦးကို ပေါ်တူဂီရဲတပ်ဖွဲ့က ပြန်လည်တွေ့ရှိကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

စပိန်နယ်စပ်အနီး ကမ္ဘာလှည့် ခရီးသည်များ သွားရောက်လေ့ရှိရာ အယ်လ်ဂါဗီ ဒေသတွင် မောင်းနှင်ထွက်ပြေးသည့် ကားတစ်စီးနောက်သို့ ရဲကားတစ်စီးက လိုက်လံဖမ်းဆီးနိုင်ခဲ့ကြောင်း၊ အဖမ်းခံရသည့်ကားထဲတွင် အဆိုပါ မိန်းကလေးကို တွေ့ရှိရကြောင်း၊ ယာဉ်မောင်းကို ဖမ်းဆီးထားကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

တိရစ္ဆာန်ထိန်းတစ်ဦး ကျားကိုက်ခံရ၍သေဆုံး

ပေကျင်း မေ ၂၁

တရုတ်နိုင်ငံတောင်ပိုင်းတိရစ္ဆာန်ရုံတွင် နှစ်အတန်ကြာ တိရစ္ဆာန်များကို ထိန်းသိမ်းစောင့်ရှောက်လာသူ တစ်ဦး ကျားကိုက်ခံရ၍ သေဆုံးခဲ့ကြောင်း မေ ၂၁ ရက်က ပေကျင်းလူငယ်နေ့စဉ် သတင်းစာတွင် ဖော်ပြသည်။

အသက် (၄၂) နှစ်ရှိ တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်သူသည် ကျားလှောင်အိမ်ကို သန့်ရှင်းရေးပြုလုပ်နေစဉ် ကျားကိုက်ခံရပြီးနောက် ဟိုင်နန်ကျွန်း ဆန်ယာမြို့ရှိ ဆေးရုံ၌ သေဆုံးကြောင်း သတင်းစာ၌ ရေးသားဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

အိန္ဒိယနိုင်ငံ ဆရီနဂါမြို့၌ လေပြင်းတိုက်ခတ်ပြီးနောက် အပျက်အစီးများကို မေ ၂၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မကွေးမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး မကွေးတိုင်းတွင် ခြစ်ဉီးရိုးကြက်ဆူ ကေါ်းသိန်းကို အနိမ့်ဆုံးရည်မှန်းချက်ထားပြီး ပိုမိုစိုက်ပျိုး မိုးစပါးစိုက်ဧက ၁၀သိန်းပြည့်မီရေးနှင့် ဒေသဝမ်းစာဖူလုံရေး အလေးထားဆောင်ရွက်ရန် မှာကြား

နေပြည်တော် မေ ၂၂

မကွေးတိုင်း မကွေးမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မေ ၁၉ရက် နံနက် ၇နာရီခွဲတွင် နယ်မြေခံတပ်နယ်ခန်းမ၌ အရာရှိ၊စစ်သည်မိသားစုဝင်များနှင့်တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး(၅)ရပ် အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ရေး၊ မိသားစုများ သက်သာချောင်ချိရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ဒေသခံပြည်သူများနှင့်အတူ အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ရေး၊ မိသားစုများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကိစ္စများကို တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးရေးတို့ကို အကျယ်တဝင့်မှာကြားပြီး တပ်မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ မကွေးမြို့ မြို့တော်ခန်းမ၌ မကွေးတိုင်း ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် မြို့မိ မြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ မှာကြားသည်။

ရှေးဦးစွာ မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုံ့မော်နှင့် မင်းဘူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သူရတို့က ခရိုင်အတွင်း မြို့နယ်များ၏ ဒေသဖွံ့ဖြိုးမှုဆိုင်ရာ အချက်အလက်များကိုရှင်းလင်းတင်ပြကြသည်။ ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက မကွေးတိုင်းအတွင်း ခရိုင်နှင့် မြို့နယ်များ ဖွဲ့စည်းပါဝင်မှု၊ တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ မြေနှင့် သယံဇာတ အခြေအနေ၊ စိုက်ပျိုးမွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မကွေးတိုင်းအတွင်း နိုင်ငံတော်မှ တည်ဆောက်ပေးခဲ့သည့် တံတားကြီးများ၊ လေယာဉ်ကွင်းများ၊ မော်တော်ကားလမ်းများ၊ မီးရထားလမ်းများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ ဒေသဝမ်းစာဖူလုံရေးအတွက် ဆည်၊ ကန်၊ တမံများ၊ မြစ်ရေတင်လုပ်ငန်းများ၊ စက်ရုံ၊ အလုပ်ရုံများ တည်ထောင်ပေးမှု အခြေအနေများနှင့် ကြံခင်း– သရက်– ပခုက္ကူ မီးရထားလမ်းဖောက်လုပ်ဆောင်ရွက်နေမှုများကြောင့် မကွေးတိုင်းအနေဖြင့် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်မှုရှိလာပြီဖြစ်ကြောင်း။

အထူးသဖြင့် စပါးတိုးချဲ့စိုက်ပျိုးရေးအတွက် စိုက်ပျိုးမြေတိုးချဲ့ခြင်း၊ စိုက်ပျိုးရေရရှိရေးအတွက် ဆည်ငယ်၊ ကန်ငယ်များတိုးချဲ့ရှာဖွေပြီး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မကွေးတိုင်းအနေဖြင့် ခြစ်ဉီးရိုးကြက်ဆူ ဧကေါ်းသိန်း ပြည့်မီရေးအတွက် ယခုနှစ်တွင် လျာထားစိုက်ပျိုးနေသည်ကို တွေ့ရကြောင်း၊ ဧကေါ်းသိန်းအား အနိမ့်ဆုံးရည်မှန်းချက်ထားပြီး ပိုမိုတိုးချဲ့စိုက်ပျိုးသွားရမည်ဖြစ်ကြောင်း၊ အလားတူ မကွေးတိုင်းအနေဖြင့် သစ်ပင်စိုက်ပျိုးရေးတွင် အစဉ်အလာရှိနာမည်ရရှိသည့် တိုင်းတစ်တိုင်းဖြစ်၍ ထပ်မံတိုးချဲ့စိုက်ပျိုးသွားရန်နှင့် ယခင်ရှင်သန်ခဲ့ပြီး အပင်များကိုလည်း အလေးထားထိန်းသိမ်းသွားရမည်ဖြစ်ကြောင်း။

လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ဒေသစီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည်တို့၏ ပကတိအခြေအနေကို မှန်မှန်ကန်ကန် လေ့လာသုံးသပ်ပြီး ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြရန်နှင့် စိုက်ပျိုးရေးကဏ္ဍမှာ နိုင်ငံတော်က သတ်မှတ်ထားသည့် မိုးစပါး စိုက်ဧက ၁၀ သိန်း ပြည့်မီရေးနှင့် ဒေသဝမ်းစာဖူလုံရေး၊ အဓိကသီးနှံ ၁၀မျိုး ပန်းတိုင်အထွက်နှုန်း ပြည့်မီရေးတို့ကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်၏ ရည်မှန်းချက်နှင့်အညီ တိုးတက်အောင်မြင်အောင် ဒေသအာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်နှင့် ဌာနဆိုင်ရာများက ဒေသခံပြည်သူတို့နှင့်အတူ အားသွန်ခွန်စိုက် ဖိဖိစီးစီးတက်ညီလက်ညီ ဝိုင်းဝန်း၍ စွမ်းအားပြည့် အကောင်အထည်ဖော် ဆောင်ရွက်ကြရန် အလေးထားမှာကြားလိုကြောင်း ပြောကြားပြီး အခမ်းအနားတက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မကွေးတက္ကသိုလ် ခြစ်ဉီးရိုးကြက်ဆူပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်အားပေးကြသည်။ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ခြစ်ဉီးရိုးကြက်ဆူပင်များကို မကွေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ နည်းပြ များအားပေးအပ်သည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်၊ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် အဖွဲ့ဝင်များသည် ခြစ်ဉီးရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဝန်ထမ်းများ၏ ခြစ်ဉီးရိုးကြက်ဆူပင် စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် သဖန်းဆိပ် လျှပ်စစ်မြေရေတင် စီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မကွေးတက္ကသိုလ်ဘက်စုံခန်းမ အဆောက်အအုံတည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ မကွေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးဌေးအောင်က မကွေးတက္ကသိုလ်၏ သင်ကြား/စီမံကိစ္စရပ်များနှင့် ဝန်ထမ်းရေးရာများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံအင်ဂျင်နီယာ ဦးဦးစောသိန်းက ဘက်စုံခန်းမ တည်ဆောက်ပြီးစီးမှုနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များဖြည့်ဆည်း မှာကြားပြီး မကွေးတက္ကသိုလ်ဘက်စုံခန်းမ တည်ဆောက်နေမှုများ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါပင်မ ဘက်စုံခန်းမဆောင်မှာ လူ ၁၂၀၀ဆံ့ သံကူကွန်ကရစ်နှစ်ထပ် အဆောက်အအုံ ပါရှိပြီး ဝဲ၊ယာ၌ လူ ၃၀ဆံ့ နှစ်ထပ်စာသင်ဆောင်စာသင်ခန်းမ ရှစ်ခန်း ပါရှိသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့ရှောင်လမ်း ဘေးဝဲ၊ယာ၌ စိုက်ပျိုးထားသော ဌာနဆိုင်ရာ ခြစ်ဉီးရိုးကြက်ဆူပင်များကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုအားပေးသည်။ ဆက်လက်၍ မကွေးမြို့ မြို့ရှောင်လမ်းဆုံ၌ ကျင်းပသည့် ခြစ်ဉီးရိုးကြက်ဆူစိုက်ပျိုးပွဲတော်သို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့က ခြစ်ဉီးရိုးကြက်ဆူပင်များကို စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာကြသည့် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❐

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းများ လာရောက်လေ့လာ

ရန်ကုန် မေ ၂၂

တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) နောက်ဆုံးနှစ် အပိုင်း(က) ဗိုလ်လောင်းများသည် ကာကွယ်ရေးနှင့် လူမှုရေး ဆေးပညာဌာနမှ တာဝန်ရှိသူများ လိုက်ပါလျက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမသို့ မေ ၂၁ရက် နံနက် ၉ နာရီတွင် ရောက်ရှိလေ့လာကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး အသင်းဖွဲ့စည်းပုံ အဆင့်ဆင့်နှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအကြောင်းကို လည်းကောင်း၊ အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာက အသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင် နောက်ဆုံးနှစ် အပိုင်း(က) ဗိုလ်လောင်းများ၏ မေးမြန်းမှုများကို အသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က ပြန်လည်ရှင်းလင်းဖြေကြားပြီး**(ယာပုံ)** ဗိုလ်လောင်းများသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံအတွင်းရှိလူပ်ရှားမှုဓာတ်ပုံများကို လှည့်လည်ကြည့်ရှုလေ့လာကြကာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဖွင့်လှစ်ထားသည့် ရောဂါရှာဖွေရေးဆေးခန်း၊ မိခင်မှသန္ဓေသားသို့ HIV ပိုးကူးစက်မှုမှ ကာကွယ်တားဆီးခြင်း စီမံချက်ဌာနနှင့် ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာန မူကြိုကျောင်းများသို့ ဆက်လက်လေ့လာကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မူဆယ်မြို့နယ် ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲ တက်ရောက် မူဆယ်မြို့ ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းမှ တာဝန်ရှိပုဂ္ဂိုလ်များအား တွေ့ဆုံ

နေပြည်တော် မေ ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ ကွမ်းလုံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးမောင်မောင်မြင့်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ မေ ၁၉ရက် နံနက်ပိုင်းတွင် ကွမ်းလုံမြို့နယ် ဟိုလီကျေးရွာအနီးရှိ သံလွင်မြစ်နှင့် နမ့်လင်းချောင်းဆုံရာ မြစ်ဆုံသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များအား တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က တုံကျက်ကျေးရွာအနီး သံလွင်မြစ်၌ အထက်သံလွင် ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်မည့်မြေနေရာကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် သံလွင်မြစ်နှင့် နမ့်လင်းချောင်းတို့၏ ရေစီးဆင်းမှုနှင့် နယ်မြေသဘာဝအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ တုံကျက်ကျေးရွာအနီး သံလွင်မြစ်ကျဉ်းနေရာ၌ ရေအားလျှပ်စစ် မဂ္ဂါဝပ် ၂၄၀၀ ထုတ်လုပ်နိုင်မည့် အထက်သံလွင် ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရန် ယခုအခါ ပဏာမ စူးစမ်းတိုင်းတာရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သိန်းနီမြို့သို့ရောက်ရှိကြပြီး သိန်းနီလွင်ပြင်၌ နွေစပါးများ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားရှိမှုနှင့် မိုးစပါးစိုက်ပျိုးရန် ထွန်ယက်ထားရှိမှုတို့ကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် သိန်းနီတပ်နယ်မှ ဗိုလ်မှူးချုပ်သက်ဦးလိုက်ပါလျက် သိန်းနီ-ကွတ်ခိုင်ကားလမ်း တစ်လျှောက်ရှိ ကုန်းမြင့်လယ်ယာမြေများ၌ မိုးသီးနှံများစိုက်ပျိုးရန် မြေယာပြုပြင် ဆောင်ရွက်ထားရှိမှုတိုကို လမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် ဖြတ်သန်း ကြည့်ရှုစစ်ဆေးပြီး ကွတ်ခိုင်မြို့သို့ ရောက်ရှိကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ကွတ်ခိုင်မြို့နယ် လွယ်ဆမ်ဆစ်ရိပ်သာ၌ ကြိုဆိုနှုတ်ဆက်နေကြသည့် ကွတ်ခိုင်မြို့နယ်မှ ဌာနဆိုင်ရာများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅)မှ တိုင်းရင်းသား ခေါင်းဆောင် ဦးမထုနော်နှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကွတ်ခိုင်-နမ့်ဖတ်ကာ-မူဆယ်ကားလမ်းအတိုင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုအခြေအနေများနှင့် လမ်းဘေးဝဲ၊ယာ၌ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးရန် ကုန်းမြင့်လယ်ယာ ခုတ်ထွင်ရှင်းလင်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကွတ်ခိုင်-မူဆယ်-ကားလမ်းနံဘေးရှိ မူဆယ်မြို့နယ် မော်တောင်းကျေးရွာသို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် အဖွဲ့ဝင်များသည် မူဆယ်ခရိုင် မူဆယ်မြို့နယ် မော်တောင်းကျေးရွာ၌ကျင်းပသည့် မူဆယ်မြို့နယ်၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲအခမ်းအနားသို့ ဒေသခံ တိုင်းရင်းသားပြည်သူများနှင့်အတူ တက်ရောက်၍ အားပေးချီးမြှင့်ကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များအား ခြံစည်းရိုးကြက်ဆူပျိုးပင်များကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား စားသောက်ဖွယ်ရာပစ္စည်း များကို ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် တိုင်းမှူးတို့က ခြံစည်းရိုးကြက်ဆူ ပင်များကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မူဆယ်မြို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ၏ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

မူဆယ်ခရိုင်တွင် ခြံစည်းရိုးကြက်ဆူပင် ဧက ၂၅၀၀၀ စိုက်ပျိုးရန်လျာထားရာ ၃၆၃၄၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။ မူဆယ်မြို့နယ်အနေဖြင့်လည်း ခြံစည်းရိုး ကြက်ဆူဧက ၄၈၀၀ စိုက်ပျိုးရန် သတ်မှတ်ထားရာ ယခုအခါ ဧက ၁၁၁၃၉ဧက စိုက်ပျိုးပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မူဆယ်မြို့နယ် မိုင်းယုကျေးရွာအနီးရှိ ၁၀၅မိုင် နယ်စပ်ကုန်သွယ်ရေး စစ်ဆေးရေး စခန်းသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နယ်စပ်ကုန်သွယ်ရေး စစ်ဆေးရေးစခန်း ဧည့်ခန်းမ၌ ယင်းစခန်း၌ တာဝန်ယူဆောင်ရွက်နေကြသည့် ဌာနဆိုင်ရာများနှင့် မူဆယ်မြို့ ကုန်သည်ကြီးများအသင်းမှ ဥက္ကဋ္ဌနှင့် အမှုဆောင် များအား တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ သိန်းနီတပ်နယ်မှ ဗိုလ်မှူးချုပ် သက်ဦး၊ ကွတ်ခိုင်တပ်နယ်မှ ဗိုလ်မှူးချုပ်စံရွှေသာ၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံပြည့်၊ မူဆယ် ၁၀၅မိုင် နယ်စပ်ကုန်သွယ်ရေးစစ်ဆေးရေး စခန်း တာဝန်ခံ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီး ရန်နိုင်ထွန်းနှင့်တာဝန်ရှိသူများ၊ မူဆယ်မြို့ ကုန်သည်ကြီးများအသင်းမှ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မူဆယ်ခရိုင်နှင့် မြို့နယ်တို့မှ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မူဆယ် ၁၀၅မိုင် နယ်စပ်ကုန်သွယ်ရေးစစ်ဆေးရေးစခန်းတာဝန်ခံ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီးရန်နိုင်ထွန်းက ၁၀၅မိုင် ကုန်သွယ်ရေးဇုန် ဖွင့်လှစ်ပြီးနောက်ပိုင်း ကုန်သွယ်မှုအခြေအနေ၊ ဘဏ္ဍာရေးနှစ်အလိုက် ကုန်သွယ်နိုင်မှု၊ ပို့ကုန်သွင်းကုန်ပစ္စည်းများ၊ မြန်မာနိုင်ငံမှ အများဆုံးတင်ပို့နေသည့် ပို့ကုန် ၁၀မျိုးတို့၏အခြေအနေများနှင့် ကုန်သွယ်ရေး ဇုန်၏ ထူးခြားမှုတစ်ရပ်အဖြစ် တစ်ဖက်နိုင်ငံမှ ကုန်သည်များအား မူဆယ် ကုန်သွယ်ရေးဇုန်၌ သရက်သီး တိုက်ရိုက်ရွေးချယ်ဝယ်ယူသည့် စနစ်၊ ရေခဲငါး၊ ငါးရှဉ့်နှင့် ကဏန်းများကို လေလံစနစ်ဖြင့်ရောင်းချနိုင်ခဲ့မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးစံပြည့်က ရန်ကုန်နှင့်မန္တလေးမြို့တို့ရှိ ကုန်စည်ဒိုင်များကဲ့သို့မူဆယ်၌လည်း ကုန်စည်ဒိုင် ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေများနှင့် နှစ်နိုင်ငံ နယ်စပ် ကုန်သွယ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ရန်ကုန်နှင့် မန္တလေး မြို့ကြီးများနှင့် နိုင်ငံတွင်းရှိ အခြားမြို့နယ်များမှ ကုန်သည်ကြီးများ ဈေးကွက်ကို သိရှိနိုင်ရန် မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် တိုက်ရိုက်ချိတ်ဆက်၍ သတင်း အချက်အလက် နည်းပညာ(IT)ကို အသုံးပြုကာ ရောင်းဝယ်ဖောက်ကားနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို ပြန်လည် ဆွေးနွေးပြောကြားပြီး မူဆယ်မြို့နှင့် မူဆယ်၁၀၅မိုင် နယ်စပ်ကုန်သွယ်ရေးစခန်း တို့သည် ဒေသအနေအထား၊ မြေအနေအထားအရ တစ်ဖက်နိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိကြောင်း၊ ၁၀၅မိုင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကို ရှောင်ကွင်း၍ ကုန်ပစ္စည်းပို့ဆောင်နေမှုများကို ထိန်းချုပ်တားဆီးကြရန်လိုကြောင်း၊ ကုန်သွယ်မှု ပမာဏ တိုးတက်ရေးအတွက် ဒေသဆိုင်ရာ အာဏာပိုင်များနှင့် OSS ပူးပေါင်း အဖွဲ့ဝင်များသည် ပူးပေါင်းဆောင် ရွက်ကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနောက် ဘက်ရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့်လည်း မကြာမီတွင် ကုန်သွယ်ရေး လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လုပ်ကိုင်နိုင်တော့မှာဖြစ်၍ Internet Website မှနေ၍ တစ်ဖက်နိုင်ငံများ၏ ဈေးကွက်အခြေအနေနှင့် ပြည်တွင်းရှိ တိုင်းရင်းသား လုပ်ငန်းရှင်များ၏ ဝယ်လိုမှုအား၊ ရောင်းလိုမှုအားတို့ကို ချိတ်ဆက်ပေးရန်နှင့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း သံလွင်မြစ်နှင့် နမ့်လင်းချောင်းတို့ ရေစီးဆင်းမှုနှင့် နယ်မြေသဘာဝအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

သတင်းအချက်အလက်နည်းပညာဖြင့် ကျယ်ပြန့်သောဈေးကွက်ဖြစ်စေရန် သက်ဆိုင်ရာဌာနများက ဝိုင်းဝန်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ယခုအခါ မူဆယ် ၁၀၅မိုင် စခန်းနှင့် တစ်ဖက်နိုင်ငံနှင့် ကုန်သွယ်ရေးစနစ်ကို နယ်စပ်ကုန်သွယ် ရေးမှ ပုံမှန်ကုန်သွယ်ရေးသို့ ကူးပြောင်းဆောင်ရွက်လျက်ရှိရာ ၈၀ ရာခိုင်နှုန်း အောင်မြင်မှုရရှိနေပြီကို သိရှိရကြောင်း၊ ဆက်လက်၍ ရာနှုန်းပြည့်ရရှိစေရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

နိုင်ငံတော်မှ တိုင်းရင်းသားလုပ်ငန်းရှင်များအပေါ် ထားရှိသောစေတနာ၊ နိုင်ငံတော်မှ ချမှတ်ထားသောကုန်သွယ်ရေးမူဝါဒများကို တိုင်းရင်းသားလုပ်ငန်းရှင် များ သိရှိစေရန် ဝန်ကြီးဌာနနှင့် စခန်းတွင် တာဝန်ထမ်းဆောင်နေကြသော အဖွဲ့အစည်းအသီးသီးက ပေါင်းစပ်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

ထို့အပြင် မကြာမီကုန်သွယ်ရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင် တော့မည်ဖြစ်ရာ ဖြစ်ထွန်းအောင်မြင်ပြီး အလားအလာကောင်းနေသော ကုန်သွယ် ရေးကို ဆက်လက်ထိန်းညှိဆောင် ရွက်သွားရန်လိုကြောင်း၊ တစ်ဖက်နိုင်ငံတွင် ဈေးကွက်ရရှိပြီးဖြစ်သည့် ရေခဲငါး၊ ငါးရှဉ့်၊ ကဏန်းနှင့် သရက်သီးတို့ကိုလည်း ပိုမိုတိုးချဲ့တင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မူဆယ် ၁၀၅မိုင်စခန်းသည် နိုင်ငံတော်အတွင်းရှိ နယ်စပ် ကုန်သွယ်ရေးစခန်းများတွင် နိုင်ငံတော်၏ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများကို အများဆုံးတင်ပို့နေသောစခန်းဖြစ်ရာ နိုင်ငံတော်အတွက်ရော၊ တိုင်းရင်းသား လုပ်ငန်းရှင်များအတွက်ပါ စေတနာထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နယ်စပ် ကုန်သွယ်ရေး၏ ရည်ရွယ်ချက်များနှင့်အညီ နှစ်နိုင်ငံချစ်ကြည်ရေး ပိုမိုတိုးတက် စေရန်၊ နှစ်နိုင်ငံကုန်သွယ်မှုတိုးတက်စေရန်နှင့် ပုံမှန်ကုန်သွယ်မှုလမ်းကြောင်း ပေါ်သို့ရောက်ရှိစေရန်၊ နိုင်ငံတော်မှရသင့်ရထိုက်သောအခွန်အခများ အပြည့်အဝ ရှိစေရန်၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ လုပ်သာကိုင်သာရှိစေရန်နှင့် ထိုက်သင့် သော အကျိုးအမြတ်ဖြစ်ထွန်းစေရန်၊ ကုန်စည်စီးဆင်းမှုပိုမိုအဆင်ပြေလွယ်ကူစေရန် ကြိုးပမ်းဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမူဆယ် ၁၀၅မိုင်စခန်းမှ အများဆုံးတင်ပို့သည့် ပဲတီစိမ်း၊ ရော်ဘာ၊ ရေခဲငါး၊ ရေခဲပုစွန်၊ ပဲယဉ်း၊ ပဲလွမ်းဖြူ၊ နှမ်းဖြူ၊ ငါးလေးခြောက်၊ ရေရှူနှင့် ပဲတီစိမ်းလုံးခြမ်းသေး စသည့် အဓိက ပို့ကုန် ၁၀မျိုးတို့ကို ယခုထက်ပိုမိုတိုးချဲ့တင်ပို့နိုင်ရန် ကြိုးပမ်းသွားကြစေ လိုကြောင်း။

ထို့အပြင် ဝဥခြောက်ကိုလည်း အမြောက်အမြားတင်ပို့နိုင်ရန် ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

တင်ပို့လျက်ရှိ

မူဆယ် ၁၀၅မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းမှ ၂၀၀၅-၂၀၀၆ဘဏ္ဍာနှစ်နှင့် ၂၀၀၆-၂၀၀၇ဘဏ္ဍာနှစ် တွင် ဝဥခြောက် အမေရိကန်ဒေါ်လာ ၇၈သန်းကျော်ဖိုး တင်ပို့လျက်ရှိပြီး ၂၀၀၇ခုနှစ် ဧပြီလမှ မေလအထိ နှစ်လအတွင်း၌ပင် ဝဥခြောက် အမေရိကန်ဒေါ်လာ ဒသမ ၂၈၃သန်းဖိုးနှင့် ခြံစည်းရိုးကြက်ဆူစေ့ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၂၀ သန်း တင်ပို့လျက်ရှိကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တက်ရောက်လာကြသည့် တာဝန်ရှိပုဂ္ဂိုလ်များနှင့် မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန် ကုန်သည်ကြီးများအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး မူဆယ်မြို့၌ ညအိပ်ရပ်နား သည်။ (သတင်းစဉ်)

ရွှေထီးတော်များတင် မင်္ဂလာကျင်းပမည်

ရန်ကုန် မေ ၂၂

ရန်ကုန်မြောက်ပိုင်းခရိုင် ပန်းတစ်ပွင့်တောင်တောရသာသနာ့နယ်မြေ စကြာတောင်ပေါ်ရှိ ရှေးဟောင်းစကြာရှင် ဇမ္ဗူအေးဆယ့်တစ်မီးငြိမ်း စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်တွင် ပန်းတစ်ပွင့်တောင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ ပညာသာရ အရှင်သူမြတ်က ကြီးမှူးတည်ထားသည့် ကိုးတောင်ပြည့်စေတီတော်များ၊ နဂါးရုံဘုရားများ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ရွှေထီးတော်များတင်လှူပွဲကို ဒုတိယဝါဆိုလဆန်း ၃ရက်၊ ဇွန် ၁၇ ရက် နံနက်တွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များ နံနက် ၈နာရီခွဲအရောက် ကြွရောက်ရန် ဖိတ်ကြားထားပြီး ကိုးတောင်ပြည့်အရံစေတီတစ်ဆူ (သို့) နဂါးရုံဘုရားတစ်ဆူ ကျပ်ကိုးသိန်းဖြင့် လှူဒါန်းလိုသူများသည် ပန်းတစ်ပွင့်တောင်ဆရာ တော် ဖုန်း-၀၉၅၁ ၉၃၈၄၅၊ ဦးမြင့်စိုး ဖုန်း-၆၆၂၃၂၈၊ ဦးကျော်ဝင်း ဖုန်း-၆၄၂၆၂၅၊ ဦးကျော်လွင် ဖုန်း-၆၉၀၃၁၉၊ ဒေါ်တင်တင်ဝင်း ဖုန်း-၆၄၃၅၈၁၊ ဒေါ်ထက်ထက်အေး ဖုန်း-၅၇၉၈၀၅၊ ဒေါ်ခင်မိုးလွင် ဖုန်း-၅၀၃၉၉၃သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။

(က-ပ)

❒ စာမျက်နှာ ၅ မှ

ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ခြံစည်းရိုးကြက်ဆူပင်များကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့စိုက်ပျိုးသည့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတော်တွင် ခြံစည်းရိုးကြက်ဆူပင် ၃၆၀၀ စုပေါင်းစိုက်ပျိုးခဲ့ကြောင်းနှင့် ယနေ့အထိ မကွေးတိုင်းအတွင်း ခြံစည်းရိုးကြက်ဆူပင် စုစုပေါင်း ၃၃၀၆၂၄ ဧက စိုက်ပျိုးပြီးကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် သဖန်းဆိပ်လျှပ်စစ် မြစ်ရေတင်စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ မကွေးတိုင်း ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးတင်မောင်အေးထူးက သဖန်းဆိပ် လျှပ်စစ်မြစ်ရေတင်လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များမှာကြားပြီး ဧရာဝတီမြစ်ရေကို ပင်မရေကန်သို့ ရေတင်စက်ကြီးများဖြင့် ရေစုပ်တင်နေမှု၊ ပင်မမြောင်းအတွင်း ရေပို့လွှတ်နေမှုအခြေအနေများနှင့် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသော နွေစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ပုတီးကုန်းကျေးရွာအုပ်စု၏ ယာမုလယ်ပြောင်း လယ်မြေဧက၃၀တွင် နွေစပါးစိုက်ပျိုးအောင်မြင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သဖန်းဆိပ် မြစ်ရေတင်ရေမြောင်းဘေးတစ်လျှောက် နွေစပါးစိုက်ခင်းများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မျိုးသန့်စံပြစိုက်ကွက် နွေစပါးဧက ၁၀၀ စိုက်ခင်းသို့ ရောက်ရှိကြသည်။ သဖန်းဆိပ်ပင်မမြောင်းမှ ရေပေးဝေနေမှုနှင့် ဧက ၁၀၀ စိုက်ခင်းအတွင်း နွေစပါးများဖြစ်ထွန်းအောင်မြင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။ အဆိုပါ သဖန်းဆိပ်မြစ်ရေတင်စီမံကိန်းတွင် ယခင်နှစ် နွေစပါးဧက ၄၅၀ စိုက်ပျိုးခဲ့ပြီး လာမည့်နှစ်တွင် ထပ်မံတိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မကွေးမြို့နယ်မြေခံတပ်ရင်း ခြံစည်းရိုးကြက်ဆူပျိုးဥယျာဉ်သို့ ရောက်ရှိကြရာ တာဝန်ခံအရာရှိက တပ်ရင်း၌ ယခင်နှစ်က ခြံစည်းရိုး ကြက်ဆူပင်ဧက ၁၀၀ စိုက်ပျိုးထားရှိမှု၊ ရှင်သန်မှုအခြေအနေနှင့် ယခုနှစ်အတွက် ပျိုးပင် ၃၅၀၀၀ ပျိုးထောင်ထားမှုကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ခြံစည်းရိုးကြက်ဆူပျိုးဥယျာဉ်နှင့် ခြံစည်းရိုးကြက်ဆူစိုက်ခင်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မေ ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မေ ၂၀ ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့နယ် ထူးကြီးကျေးရွာ ခန်းမ၌ လေဘေးကယ်ဆယ်ရေးပစ္စည်းနှင့် အလှူငွေများပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့်အလှူရှင်များက ငွေကျပ်သိန်း ၁၈၀ကျော်တန်ဖိုးရှိ လေဘေးကယ်ဆယ်ရေးပစ္စည်းနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းရာ လေဘေးသင့် အိမ်ထောင်စု ၄၀က လက်ခံယူကြသည်။ ထို့နောက် လေဘေးသင့် ပြည်သူများကိုယ်စား ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်တာဝန်ရှိသူများက လေဘေးသင့်ကျေးရွာများသို့ သွားရောက်ကြည့်ရှုအားပေးစကား ပြောကြားကြသည်။

နံ့သာပက်ဖျန်း

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်တာဝန်ရှိသူများသည် အင်္ဂပူမြို့နယ် ကျားသေကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။ ရှေးဦးစွာ တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဗဟိုအလုပ် အမှုဆောင် ဝန်ကြီးနှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာများပက်ဖျန်းပေးသည်။

ယင်းနောက် ကျောင်းဖွင့်ပွဲ အခမ်းအနားကို ကျောင်းခန်းမ၌ ကျင်းပရာ ဗဟို အလုပ်အမှုဆောင် ဝန်ကြီး၊ ကျောင်း အုပ်ကြီး ဦးစိုးမိုးနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ကြင်ဒွေးတို့က အမှာစကားပြောကြားကြပြီး ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် အလှူရှင်များက ပညာရေးရန်ပုံငွေအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ အဆိုပါ ကျောင်းဆောင်သစ်သည် အလျားပေ ၂၀၊ အနံပေ ၃၀ရှိပြီး နိုင်ငံတော်က ထောက်ပံ့ငွေကျပ် သိန်း ၆၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းငွေကျပ်သိန်း၄၀ နှင့် ပြည်သူလူထုထည့်ဝင်လှူဒါန်းငွေကျပ် ၁၀သိန်း စုစုပေါင်း ငွေကျပ်သိန်း ၁၁၀ ကုန်ကျသည်။

ညနေပိုင်းတွင် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် တာဝန်ရှိသူများ လိုက်ပါလျက် အင်္ဂပူမြို့နယ် မဲဇလီကုန်းကျေးရွာတိုက်နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပသည့်အလှူငွေပေးအပ်ပွဲအခမ်းအနားကို တက်ရောက် အမှာစကား ပြောကြားသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် အလှူရှင်များက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၂၃သိန်း ပေးအပ်လှူဒါန်းရာ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဆေးရုံအုပ်ဒေါက်တာ အုန်းခိုင်က ဆေးရုံ၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

လိုအပ်သည်များမှာကြား

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် အင်္ဂပူမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီးဒေါက်တာ မြင့်စိုးက ဆေးရုံအဆောက်အအုံ အသစ်ဆောက်လုပ်ပြီးစီးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ညပိုင်းတွင် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် အင်္ဂပူမြို့နယ် ဇေယျသုခကျောင်းတိုက်ဆရာတော်၊ မြို့နယ်သံဃနာယက ဘဒ္ဒန္တရေဝတဓမ္မအား သာသနာရေးဆိုင်ရာများ လျှောက်ထားပြီးလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အင်္ဂပူမြို့နယ် ထူးကြီးကျေးရွာအတွက် လေဘေးကယ်ဆယ်ရေးပစ္စည်းနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။

(သစ်တောရေးရာ)

ရေကြောင်းဌာနသင်္ဘောသားအကူ(လူသစ်)သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၂၂

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရေကြောင်းဌာန သင်္ဘောသားအကူ (လူသစ်) အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၀၇) သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၂၁ ရက် နံနက်၈နာရီတွင် အလုံသင်္ဘောကျင်းရှိ ရေကြောင်းသက္ကဒါန်သင်တန်းကျောင်းခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က အမှာစကား ပြောကြားရာတွင် ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး ရေကြောင်းဌာနအတွက် သင်္ဘောသားအကူ (ကုန်းပတ်) (ဝန်ထမ်းသစ်)၁၀၀ကိုအခြေခံသင်တန်းဖွင့်လှစ်သင်ကြားခြင်းဖြစ်ကြောင်း။

မိမိတို့ ဝန်ကြီးဌာနသည် "များများသယ်၊မြန်မြန်ပို့၊ ပြည်သူတွေစိတ်ချမ်းသာဖို့" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက်၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအတွက် အားထားယုံကြည်ရသည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်း မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူးသည် အလုံသင်္ဘောကျင်း၌ လွန်းလမ်းအသစ် တည်ဆောက်နေမှုများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်း ရေကြောင်း ပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့် ရေကြောင်းဌာန သင်္ဘောသားအကူ (လူသစ်) အခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၀၇) သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(ပို့ဆောင်ရေး)

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပဏ္ဍိတလမ်းနေ ကွယ်လွန်သူ ဖခင်ကြီး ဦးကွန့်အား ရည်စူး၍ ဇနီး ဒေါ်မမကြီးနှင့် သား၊ သမီးတစ်စုတို့က သုံးထပ် ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာဒေါ်မေဝင်းအောင်ခင်ထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

အမှာစကားပြောကြား

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အခြေခံပညာမူလတန်းသင် ဆရာ၊ ဆရာမများ သင်ကြားရေး မွမ်းမံသင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၁၉ ရက်က အထက(၃)ကျောင်းခန်းမတွင် ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်တင်တင်မြ အမှာစကားပြောကြားစဉ်။

(၆၃)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၂-၅-၂၀၀၇

ဟသ်ာတ	၃ ဒသမ ၈၆ လက်မ
ဖျာပုံ	၃ ဒသမ ၅၈ လက်မ
စစ်တွေမြို့	၃ ဒသမ ၄၇ လက်မ
ညောင်လေးပင်မြို့	၃ ဒသမ ၄၇ လက်မ
ရွှေကျင်မြို့	၃ ဒသမ ၀၃ လက်မ
အမ်းမြို့	၂ ဒသမ ၆၀ လက်မ
သာယာဝတီ	၂ ဒသမ ၅၂ လက်မ
ရေးမြို့	၂ ဒသမ ၅၂ လက်မ
မိုးကုတ်	၂ ဒသမ ၃၇ လက်မ

နိုင်ငံတော် ခေတ္တဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သော

ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲ တည်ခင်း

နေပြည်တော် မေ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ၎င်း၏ဖိတ်ကြားချက်အရ နေပြည်တော်သို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ည ၇ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဒေါက်တာအောင်နိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးချုပ်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Hul Phany နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဧည့်ခံဖျော်ဖြေ

ဂုဏ်ပြုညစာစားပွဲ၌ ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ အနုပညာရှင်များက တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

လက်ဆောင်ပေးအပ်

ညစာ သုံးဆောင်အပြီးတွင် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဧည့်သည်တော် ကမ္ဘောဒီးယား နိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်က ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းကိုပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

ကမ္ဘောဒီးယားနိ

ချစ်ကြည်ရေးအဝ

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ချစ်ကြည်ရေးခရီး အလည်အပတ်
ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ပြည်ထေ
နံနက် ၈ နာရီ ၁၀ မိနစ်တွင် ခေတ္တ
သိန်းညွန့်၊ ကော်မတီအတွင်းရေးမှူး

ရှင်းလင်းပြေ

ရှေးဦးစွာ ဧည့်သည်တော် က
ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သော
ခန်းမဧည့်ခန်းမ၌ မြို့တော်ဝန် ဗိုလ်မှူ
အကြောင်း သိကောင်းစရာများနှင့်
ပြီးစီးမှုအခြေအနေများကို ရှင်းလင်
ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်နှင့် အဖွဲ
ချက်များကို ပြန်လည်ရှင်းလင်းဖြေ
ထို့နောက် မြို့တော်ဝန် ဗိုလ်မှူးဖ
ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆ
လက်ဆောင်ပန်းချီကားကို ပေးအပ်ရ
နိုင်ငံ ဝန်ကြီးချုပ်ကလည်း အမှ
ပြန်လည်ပေးအပ်သည်။

ကြိုဆို

ထိုမှတစ်ဆင့် ဧည့်သည်တော်
ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်ေ
ကျန်းမာရေးဝန်ကြီးဌာန ပရဆေးမျိုး
ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်
ရှိသူများက ကြိုဆိုကြသည်။
ယင်းနောက် ဧည့်သည်တော်
ဆမ်ဒက်ဟွန်ဆင်သည် ချစ်ကြည်ေ
ကမ္ဘောဒီးယား နှစ်နိုင်ငံ ချစ်ကြည်ရေးအ
ကို စိုက်ပျိုးပေးပြီး မြေဩဇာနှင့်
စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက
ထို့နောက် ဧည့်သည်တော် က
ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်ေ
နေပြည်တော်၌ တည်ဆောက်ပြီးစီးသ
နေပြည်တော် မြို့မဈေးတို့ကို မော်တော်
လေ့လာကြသည်။

ပျဉ်းမနားမြို့ ရေစီးရေလာကောင်းမွန်ရေး သန့်ရှင်းသာယာလှပရေး ဆောင်ရွက်မှု တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ကြည့်ရှုအားပေး

နေပြည်တော် မေ ၂၂

နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ဇော်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၆ နာရီတွင် ပျဉ်းမနားမြို့ပေါ် ရပ်ကွက်များဖြစ်သည့် မင်္ဂလာ၊ ရွှေချို၊ ရန်အောင်(၁)၊ ရန်အောင်(၂)၊ ရွာကောက်၊ ကင်ပွန်းတန်း၊ တောင်သာ၊ ယောက်သွားအင်း၊ ဥယျာဉ်စု၊ ကံဦး အစရှိသော ရပ်ကွက်များမှ လူမှုရေးအသင်းအဖွဲ့ဝင်အင်အား ၅၂၄ ဦးတို့သည် ပျဉ်းမနားမြို့ ရွှေချိုရပ်ကွက်ရှိ အမှတ်(၁)လမ်းနှင့် (၆)လမ်းအကြား အုတ်တံတား လမ်းဘေး ဝဲ/ယာ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးတို့အတွက် အမှိုက်များ၊ ပလတ်စတစ်အိတ်များ၊ ရွှံ့နွံများ ဆယ်ယူခြင်း၊ စွန့်ပစ်ခြင်းလုပ်ငန်းများကို ကြည့်ရှုအားပေးပြီး တိုင်းမှူးက ရေမြောင်းများ၊ လမ်းများ ပြန်လည်ကောင်းမွန်အောင် ပြုပြင်ရေးအတွက် ထောက်ပံ့ငွေများ ပေးအပ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ပျဉ်းမနား မြို့ပေါ်ရပ်ကွက်များတွင် လမ်းဘေး ဝဲ၊ယာ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေး အတွက် အမှိုက်များ၊ ပလတ်စတစ်အိတ်များ၊ ရွှံ့နွံများ ဆယ်ယူခြင်း၊ စွန့်ပစ်ခြင်း လုပ်ငန်းများကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

စာပေဗိမာန်စာအုပ်ဆိုင်(နေပြည်တော်)ဖွင့်လှစ်

နေပြည်တော် မေ ၂၂

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းက စာပေဗိမာန်စာအုပ်ဆိုင်ကို နေပြည်တော်မြို့မသပြေကုန်းဈေးသစ်ကြီး(ဆိုင်အမှတ် တ-၅၅)တွင် စတင်ဖွင့်လှစ်ရောင်းချနေပြီဖြစ်သည်။ စာပေဗိမာန်စာအုပ်ဆိုင်တွင် ရည်ညွှန်းကိုးကားအသုံးပြုနိုင်သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် စာအုပ်များ၊ စာပေဗိမာန်စာမူဆုရ ပြည်သူ့လက်စွဲစာအုပ်များ၊ လစဉ်ထုတ်သုတပဒေသာစာစောင်များ၊ တိုင်းကျိုးပြည်ပြုစာအုပ်၊ သိမှတ်ဖွယ်ရာ ပြည်မြန်မာစာအုပ်၊တပ်မတော်အစိုးရလက်ထက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်း(၁၉၈၈-၃၁-၁၂-၂၀၀၆)စာအုပ်ကဲ့သို့သော အစိုးရထုတ်စာအုပ်များ၊ရွှေဥဒေါင်း၏တစ်သက်တာမှတ်တမ်း၊စူလာနဖာ၊သဘာဝသမားတော်၊ခေါင်းဆောင်မှုစွမ်းရည် ဥပဒေသများ၊ ဥတုဘောဇနသင်္ဂဟကျမ်း၊ မြန်မာ-အမေရိကန်ဆက်ဆံရေး သမိုင်းစာအုပ်ကဲ့သို့သော ပြင်ပပုဂ္ဂလိကတိုက်ထုတ်စာအုပ်များကို အဖိုးနှုန်းချိုသာမှန်ကန်စွာ ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ထမ်းဆောင်ခြင်း ပြီးဆုံး၍ ပြန်လည် ထွက်ခွာတော့မည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသံမှူး နိုင်ငံစစ်သံမှူး Col. Jasvinder Singh Chopra နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Col. Manoj Mukund Narvane တို့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်း-ကျော်ဖုံး)

(သတင်းစဉ်)

ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ချစ်ကြည်ရေးအထိမ်းအမှတ် အင်ကြင်းပင်စိုက်ပျိုးပြီး နေပြည်တော် တည်ဆောက်ပြီးစီးမှု ကြည့်ရှုလေ့လာ

နေပြည်တော် မေ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေတ္တဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသည့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး ဒေါက်တာအောင်နိုင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ လိုက်ပါလျက် ယနေ့ နံနက် ၈ နာရီ ၁၀ မိနစ်တွင် ခေတ္တတည်းခိုလျက်ရှိသည့် နေပြည်တော်ဟိုတယ်ဇုန်မှ နေပြည်တော်မြို့တော်ခန်းမသို့ ရောက်ရှိလာကြရာ နေပြည်တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးကြီး သိန်းညွန့်၊ ကော်မတီအတွင်းရေးမှူးနှင့် ကော်မတီဝင်များက ကြိုဆိုကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား မြို့တော်ခန်းမဧည့်ခန်းမ၌ မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်က နေပြည်တော်အကြောင်း သိကောင်းစရာများနှင့် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၏ သိလိုသော မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်က ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်အား အမှတ်တရ လက်ဆောင်ပန်းချီကားကို ပေးအပ်ရာ ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်ကလည်း အမှတ်တရ လက်ဆောင်ပစ္စည်းကို ပြန်လည်ပေးအပ်သည်။

ကြိုဆို

ထိုမှတစ်ဆင့် ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာန ပရဆေးမျိုးထိန်းဥယျာဉ်သို့ ရောက်ရှိကြရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်သည် ချစ်ကြည်ရေး သစ်ပင်စိုက်ကွက်၌ မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံ ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် အင်ကြင်းပင်ကို စိုက်ပျိုးပေးပြီး မြေဩဇာနှင့် ရေစင်တို့ကို သွန်းလောင်းကာ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်၌ တည်ဆောက်ပြီးစီးသွားသည့် ဝန်ထမ်းအိမ်ရာများနှင့် နေပြည်တော် မြို့မဈေးတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင် နေပြည်တော်ရှိ ချစ်ကြည်ရေး သစ်ပင်စိုက်ကွက်၌ မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံ ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် အင်ကြင်းပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

အဆင့်မြင့်ပညာရေး ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် အဆောက်အအုံရှိ မင်္ဂလာခန်းမ၌ မေ ၂၇ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ AIT ၏ School of Engineering and Technology မှ ပါမောက္ခ Worsak Kanok-Nukulchai နှင့် အဖွဲ့က အဆင့်မြင့် ပညာရေးဆိုင်ရာ ဟောပြောပွဲတစ်ရပ်ကို ကျင်းမည်ဖြစ်ရာ စိတ်ဝင်စားသူများ အခမဲ့ တက်ရောက်နိုင်ကြောင်း၊ တက္ကသိုလ်ဝင်ခွင့်အတွက် လူတွေ့စစ်ဆေးခြင်းကိုလည်း မေ ၂၆ နှင့် ၂၇ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအတွင်း IBC အဆောက်အအုံရှိ အခန်း(၁၁၀)၌ ပြုလုပ်မည်ဖြစ်သဖြင့် အမှတ်စာရင်း၊ ဘွဲ့လက်မှတ်၊ အင်္ဂလိပ်စာ အရည်အချင်း လက်မှတ်မူရင်းတို့နှင့်အတူ လူကိုယ်တိုင် လာရောက်ရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉ ၅၁၅၇၂၇၆ နှင့် ၀၉၅၂၀၀၈၀၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၃-၅-၂၀၀၇

(ဗုဒ္ဓဟူးနေ့)

၁၃၆၉ ခုနှစ်၊ နယုန်လဆန်း ၈ ရက် (ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး

၇:၅၅ ၅။ အတီးပြိုင်ပွဲ

၈:၀၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက

၈:၂၀ ၇။ အဆိုပြိုင်ပွဲ

၈:၃၀ ၈။ International News.

၈:၄၅ ၉။ Happy and Educational English Summer Course MRTV.

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)

၄:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ

၅:၀၀ ၅။ မြန်မာစာ၊ မြန်မာစကား

၅:၁၅ ၆။ သီချင်းကြီးပဒေသာ

၅:၃၀ ၇။ **"ချစ်လွန်းလို့" (ပိုးဖြူ၊ ခင်စိုးပိုင်၊ မျိုးမျိုးခိုင်) (ဒါရိုက်တာ-ကြည်စိုး)**

၅:၃၅ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်

၅:၄၅ ၉။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်

၆:၀၀ ၁၀။ ညနေခင်းသတင်း

၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ

၆:၃၅ ၁၂။ သုတစုံလင် ရွှေဉာဏ်ရှင်

၇:၀၀ ၁၃။ ချီးကျူးပူဇော် ဖူးမြော်မဝသည့် သာသနာ့အာဇာနည် (တိပိဋကဓရ ဆရာတော် အရှင် သိရိန္ဒာဘိဝံသ) (ယောဆရာတော်)

၇:၃၀ ၁၄။ Discovery

၇:၄၀ ၁၅။ "မလွန်လွန်းဘူးလား" အပိုင်း(၁)

၈:၀၀ ၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၈။ မိုးလေဝသအခြေအနေ

၁၉။ **မြန်မာဗီဒီယိုဇာတ်လမ်း "ဆောင်းလေသွေးတဲ့လရောင်" (လူမင်း၊ ထွန်းအိန္ဒြာဗို၊ စိုးမြတ်နန္ဒာ၊ ချိုပြုံး) (ဒါရိုက်တာ-ဟိန်းစိုး)**

၂၀။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်းတရားတော်

၂၁။ နောက်တစ်နေ့အစီအစဉ်

၂၂။ အစီအစဉ်ပြီး၏။

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့

ဆေးရုံနှင့်ကျန်းမာရေးဌာနများတွင် ဆေးပဒေသာပင် စိုက်ထူလှူဒါန်းခြင်းကို အထူးဆောင်ရွက်ခဲ့

ရန်ကုန် မေ ၂၂

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၁၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၌ ၂၀၀၆ခုနှစ်အတွက် လုပ်ရှားမှုထူးချွန်ဆုနှင့်အကောင်းဆုံး စာတမ်းဆုရရှိခဲ့သော ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် ကြက်ခြေနီသူနာပြုစွမ်းရည်နှင့် စစ်ရေးပြတံခွန်စိုက်အလံရရှိခဲ့သော ရန်ကုန်တိုင်းကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များအား မေ ၁၉ရက် ညနေ ၆နာရီခွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကုန်းမြင့်သာခန်းမ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှဋ္ဌေးဝင်းက အမှာစကား ပြောကြားရာတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့သည် ရန်ကုန်တိုင်းအတွင်း ဆေးရုံများနှင့် ကျန်းမာရေးဌာနများသို့ ဆေးပဒေသာ ပင်ငွေစိုက်ထူလှူဒါန်းခြင်း လုပ်ငန်းကို အထူးဆောင်ရွက်ချက် အဖြစ် ၂၀၀၆ ခုနှစ် စက်တင်ဘာလမှ စတင်ဆောင်ရွက်နိုင်ခဲ့ရာ ယခု အချိန်တွင် ခုတင် ၅၀ ဆံ့ ဆေးရုံနှစ်ရုံ၊ ၂၅ ခုတင်ဆံ့ဆေးရုံ လေးရုံ၊ ၁၆ခုတင်ဆံ့ တိုက်နယ်ဆေးရုံ လေးရုံတို့တွင် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့ပြင် ကျေးလက်ကျန်းမာရေးဌာနများတွင်လည်း ဆေးပဒေသာ အလှူငွေများ စိုက်ထူပေးနိုင်ခဲ့သည့်အတွက် ယခု လေးလတာကာလအတွင်း လှူဒါန်းပြီးသောဆေးရုံများတွင် ၃၂၆ သိန်း တိုးမြင့် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မြောက်ဥက္ကလာပ ယောဂီအထူးကုဆေးရုံကြီး၌ ဆေးပဒေသာပင် အလှူငွေ သိန်း ၁၅၀ကို လှူဒါန်းနိုင်ခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

ပြန်လည်အပ်နှံ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းထံ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)က ချီးမြှင့်သော ၂၀၀၆ခုနှစ် လှုပ်ရှားမှုထူးချွန်ဆုကို တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ၊အကောင်းဆုံးသုတေသနစာတမ်းပထမဆုကို တိုင်းမိခင်နှင့်ကလေးအတွင်းရေးမှူး ဒေါက်တာလှမြင့်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကချီးမြှင့်သော ကြက်ခြေနီသူနာပြုစွမ်းရည် တံခွန်စိုက်ဒိုင်းကို တိုင်းကြက်ခြေနီကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး ဒေါက်တာသန်းဝင်းနှင့် တိုင်းကြက်ခြေနီအဖွဲ့ဦးစီးမှူး(ဒုတိယတန်း)ဦးကျော်ဇော၊ စစ်ရေးပြတံခွန်စိုက်ဒိုင်းကို တိုင်းကြက်ခြေနီအသင်းဦးစီးမှူး(ပထမတန်း) ဦးမျိုးမင်းနောင်နှင့် ဦးစီးမှူး(ဒုတိယတန်း) ဦးထိန်လင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ချီးမြှင့်သော ကြက်ခြေနီသူနာပြုစွမ်းရည်နှင့် စစ်ရေးပြတံခွန်စိုက်အလံကို တိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာလှမြင့်တို့က ပြန်လည်အပ်နှံကြသည်။

ချီးမြှင့်

ယင်းနောက် တိုင်းမှူးက ထူးချွန်ဆုရကြက်ခြေနီတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ရာ ဆုရကြက်ခြေနီ ကိုယ်စားလှယ်တစ်ဦးက လက်ခံရယူသည်။

တည်ခင်းဧည့်ခံ

ထို့နောက် တိုင်းမှူးသည် အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်ပရိသတ်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြန်လည်အပ်နှံ

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းထံ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)က ချီးမြှင့်သော ၂၀၀၆ ခုနှစ် လှုပ်ရှားမှုထူးချွန်ဆုကို ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ ပြန်လည်အပ်နှံစဉ်။
(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၇)ဖြင့်မဟာဂန္ထဝါစက ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရသည့် ပုသိမ်မြို့ မရမ်းချိုကျောင်း ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန ပုသိမ်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တသောဘိတအား ဂုဏ်ဝိသိဋ္ဌပူဇာ အခမ်းအနားကို မေ ၂၉ရက်ကကျင်းပရာ ဆရာတော်အားပင့်ဆောင်လာစဉ်။ (သတင်းစဉ်)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ (ရွှေသီဂီရိတနာဓမ္မာရုံ၊ ၉၈၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်)သို့ ဦးဝင်းကြည် ဆောက်လုပ်ရေးအထူးအဖွဲ့(၁၆)ထံမှ ပေးပို့လှူဒါန်းငွေကျပ် ၁၀၀၀၀၀၀ကို တွဲဖက်ဘဏ္ဍာရေးမှူးဦးခင်မောင်သန်းလက်ခံရယူစဉ်။ (က-ပ)

ကွယ်လွန်သူ ဖခင်ကြီး ဦးကျင်ပွန်းအားရည်စူး၍ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၅လမ်းထိပ်၊ ကျုံးကြီးလမ်းနေ ဇနီး ဒေါ်ရှင်မာနှင့် သား၊သမီး၊မြေးတစ်စုက ဒဂုံမြို့နယ်၊ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တကေသရိန္ဒထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၅-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀	၄။	ရင်မှာစွဲလန်းတော်ဝင်ပန်း
၄:၅၀	၅။	မျိုးချစ်တပ်မတော်
၅:၁၀	၆။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅:၂၀	၇။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၅၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	မိုးလေဝသသတင်း
၆:၂၅	၁၃။	လျှပ်တစ်ပြက်ရိုက်ချက်
၆:၄၀	၁၄။	လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇:၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာစမ်းရေ" (အပိုင်း-၁၉)**
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	English Usage
	၁၉။	ဗွီစီဒီကျော်ကြားတေးများ
	၂၀။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မိုးနဂါးသိုင်းရှစ်ကွက်" (အပိုင်း-၂၉)**
	၂၂။	သင့်အတွက်မနက်ဖြန်
	၂၃။	အပိတ်နှုတ်ဆက်စကား
	၂၄။	ပြီးပါပြီ။

သင်တန်းဆင်း

လက်မှတ်ပေးအပ်

တာမွေမြို့နယ် အထက(၂) အုန်းတောခန်းမ၌ အမှတ်(၃) အခြေခံပညာဦးစီးဌာန မူလတန်းသင်ဆရာ၊ ဆရာမများ သင်ကြားရေး မွမ်းမံသင်တန်းဆင်းပွဲကို မေ ၁၈ ရက်က ကျင်းပရာ လက်ထောက်ပညာရေးမှူး ဦးမြင့်အောင် သင်တန်းဆင်းလက်မှတ် ပေးအပ်စဉ်။ (က-ပ)

ပြည်နယ်နှင့်တိုင်းဒေသအချို့၌ မိုးသည်းထန်၊ လေပြင်းတိုက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပွား

ရန်ကုန် မေ ၂၂

စစ်ကိုင်းတိုင်း ရေဦးမြို့နယ်၌ ယခုရက်ပိုင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကားလမ်းအချို့ ရေကျော်ခြင်း၊ လယ်ဧကအချို့ ရေနစ်မြုပ်ခြင်းရှိခဲ့သော်လည်း လယ်မြေများပျက်စီးမှုမရှိကြောင်း သိရှိရသည်။

ကူညီဆောင်ရွက်

ကနီမြို့နယ် တအုံအနောက်ကျေးရွာ၌ နေအိမ်အချို့ ရေထဲမျောပါသွားကြောင်း၊ ကင်းကျေးရွာတွင် မိုးသည်းထန်မှုကြောင့် မြေပြိုကျသဖြင့် လူတစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့သဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

လှိုင်လင်ခရိုင် လဲချားမြို့နယ်၌ မေ ၁၉ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တံတားအချို့ ပြိုကျသွားသဖြင့် ယာဉ်ငယ်များသာ သွားလာနိုင်ပြီး ယာဉ်ကြီးများ သွားလာ၍မရတော့သဖြင့် တာဝန်ရှိသူများက ပြင်ဆင်လျက်ရှိကြောင်း။

လယ်ဝေးမြို့နယ် ကံခြင်းစုကျေးရွာ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မေ ၂၀ ရက်တွင် လူနေအိမ်အချို့ လေးပေခန့် ရေဝင်နစ်မြုပ်ခြင်း၊ လယ်မြေအချို့ ရေနစ်မြုပ်ခဲ့ခြင်းများ ရှိခဲ့ကြောင်းနှင့် တာဝန်ရှိသူများက နေအိမ်များ ရွှေ့ပြောင်းရေး ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

ရှာဖွေ

ရခိုင်ပြည်နယ် စစ်တွေခရိုင်နှင့် ကျောက်ဖြူခရိုင်တို့၌ မေ ၁၄ ရက်တွင် တိုက်ခတ်ခဲ့သည့် မုန်တိုင်းဒဏ်ကြောင့် အဆောက်အအုံအချို့ပျက်စီးပြီး လူနှင့် တိရစ္ဆာန်အချို့ ပျောက်ဆုံးမှုကြောင့် ရှာဖွေလျက်ရှိကြောင်း။

ဧရာဝတီတိုင်း ဟင်္သာတမြို့နယ် ဒူးယားကျေးရွာ၌လည်း မေ ၂၀ ရက်တွင် လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် အဆောက်အအုံအချို့ ပြိုကျပျက်စီးမှုများရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ ဌာနေကိုယ်စားလှယ် လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၂

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ဌာနေကိုယ်စားလှယ် Mr. Pierre-Andre Conod သည် ယမန်နေ့ ည ၇ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စောဝင်းနှင့် ရုံးအဖွဲ့မှူး ဦးနေမျိုးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ Sky Lion Trading Co., Ltd. ဥက္ကဋ္ဌ ဦးစိုင်းမောင်မောင်မြင့်နှင့် တာဝန်ရှိသူများက Banner Store Super Market ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ဓမ္မစေတီအရှင်ကောသလ္လ တရားပွဲ

ရန်ကုန် မေ ၂၂

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဓမ္မစေတီကျောင်းတိုက် ပဓာနနာယကဆရာတော် အရှင်ကောသလ္လ သာသန တက္ကသိုလ် မဟာဓမ္မာစရိယ M.A(Buddhism) အရှင်မြတ်က ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မုန့်လက်ဆောင်းကုန်း/တောင် ဘာဝနာလမ်း ဟံသာဝတီ ကမ္ဘဋ္ဌာန်းကျောင်းတိုက်တွင် မေ ၂၅ရက်(သောကြာနေ့)နှင့် မေ ၂၆ရက်(စနေနေ့)တို့၌ ညစဉ် ၇နာရီမှစ၍ မိဘကျေးဇူးဆပ် တရားတော် ဟောကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (က-ပ)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်ဆဲ အိန္ဒိယနိုင်ငံ တက္ကသိုလ်အသီးသီး ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်သစ်အတွက် ရန်ကုန်မြို့ အဆင့်မြင့် မင်္ဂလာဈေး နီလာဆန်းအထည်ဆိုင် ဦးတိအောင်-ဒေါ်ထွေးကြည် သမီး မနီလာဆန်း မိသားစုက ကျောင်းအလှူငွေကျပ် သုံးသိန်း လှူဒါန်းရာ အမှုဆောင် ဒေါ်ကြူကြူခိုင်က လက်ခံပြီး ကျောင်းဖြစ်မြောက်ရေးအကျိုးဆောင်ဥက္ကဋ္ဌ အရှင်ရာဇိန္ဒ(နာလန္ဒာ) ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်စဉ်။ (က-ပ)

မိဘ ဦးဘနှင်း-ဒေါ်ညွန့်တို့အား ရည်စူး၍ မှော်ဘီမြို့နယ် ကိုးလုံးကွင်းကျေးရွာနေ ဦးအုန်းကြွယ် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီး ဘညာဏ်(ငြိမ်း) လက်ခံယူစဉ်။ (က-ပ)

အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့်မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော အကြိုအခြေခံမီးသတ်သင်တန်း အမှတ်စဉ်(၁/၂၀၀၇) သင်တန်းဆင်းပွဲကို မေ ၂၀ရက်က အထက(၁) ရောခန်းမ၌ကျင်းပရာ (၆၁)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ စစ်ရေးပြ အခမ်းအနား စစ်ရေးပြစွမ်းရည်ပြိုင်ပွဲတွင် ဒုတိယရရှိသော အင်းစိန်မြို့နယ် ကိုယ်စားပြု ဒိုင်းဆုအား မြို့နယ်မီးသတ်တပ်ဖွဲ့မှူး၊ အရန်မီးသတ်တပ်ဖွဲ့မှူး၊ ဒုတိယရဲမှူး ယုနိုင်ထံ မြို့နယ်အရန်မီးသတ်တပ်ခွဲမှူး ဦးခင်ဆောင် ပေးအပ်စဉ်။ (၆၁)

NLD ပါတီ၏လုပ်ရပ်များကိုစိတ်ပျက် ပါတီတာဝန်များကို စိတ်ဝင်စားမှု ဆက်လက်လုပ်ဆောင်လိုမှု မရှိ

ရွှေတောင်မြို့နယ်မှ ပါတီဝင်သုံးဦး စုပေါင်းနုတ်ထွက်

ရန်ကုန် မေ ၂၂

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးသိန်းဇံ၊ ဒေါ်တင်တင်နွယ်နှင့် ဒေါ်မာမာချိုတို့ သုံးဦးသည် မေ ၃ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်လွှာများကို ရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ရွှေတောင်မြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့သည် NLD ပါတီ၏ လုပ်ရပ်များကို စိတ်ပျက်လာကြောင်း၊ ပါတီတာဝန်များကိုလည်း စိတ်ဝင်စားမှု၊ ဆက်လက်လုပ်ဆောင်လိုမှု မရှိတော့ကြောင်း၊ ထို့ကြောင့် ၎င်းတို့၏ သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၅-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	(၂၄)ပစ္စည်းပဋ္ဌာန်းဒေသနာ တရားတော် အပိုင်း(၂) (ဓမ္မဒူတ အရှင်ဆေကိန္ဒ)
၇း၅၅	အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်
၈း၁၅	တေးဂီတအစီအစဉ်
၈း၂၀	Midweek Sports News
၈း၃၅	တေးဂီတအစီအစဉ်
၈း၄၀	မိခင်လောင်းများအတွက် အာဟာရ (ဒေါက်တာလှကြည်)
၈း၅၅	တေးဂီတအစီအစဉ်
၉း၀၀	International Video Topics (ကမ္ဘာ့အကြီးစားလေယာဉ်ကြီးများ)
၉း၃၀	ပြည်တွင်းသတင်းအကျဉ်း
၉း၄၅	လမ်းပြကြယ်များ
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	ဖူးမြော်ပူဇော် မြသလွန်စေတီတော်
၁၀း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀း၅၅	မိုးလေဝသခန့်မှန်းချက်
၁၁း၀၀	ထူးခြားဆန်းကြယ်သော တောအုပ်ကလေး
၁၁း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅	ကလေးများနဲ့ ကျန်းမာရေး (ဒေါက်တာခင်စပယ်အေး)
၁၁း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅	သဘာဝအလှ သနပ်ခါးက
၁၁း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၅၅	Seminar on Tourism Development of Ngwe Saung Beach
၁၂း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀	ရွှေလီတံတား
၁၂း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၅၅	ရသာထူးကဲ နို့မလိုင်ခဲ
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တာနာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champion League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၁း၃၀	ပွဲကြိုသုံးသပ်ချက်	5-Sports
၁၂း၃၀	Liverpool - AC Milan	5-Sports(Live)

SSA-S ရှက်ဆစ်အကြမ်းဖက် သောင်းကျန်းသူအဖွဲ့ ကျေးရွာစာသင်ကျောင်း ဆောက်လုပ်ရန် သစ်များ တင်ဆောင်ထားသော ကားတစ်စီးအား မီးရှို့ဖျက်ဆီး

ရန်ကုန် မေ ၂၂

အကြမ်းဖက် သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်မှု၊ ရပ်ရွာအေးချမ်းသာယာမှု၊ တရားဥပဒေစိုးမိုးမှုနှင့် ပြည်သူလူထု၏ လုံခြုံမှုများ ထိခိုက်ပျက်ပြားအောင် နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

SSA-S ရှက်ဆစ် အကြမ်းဖက် သောင်းကျန်းသူအဖွဲ့မှ အင်အား ခြောက်ဦးခန့်သည် မေ ၂၁ ရက် ည ၇နာရီခန့်တွင် မိုင်းနောင်-ဝမ်ဆင်း ကားလမ်း မိုင်တိုင်အမှတ်(၃၄)အနီး၌ မိုင်းရှူးမြို့နယ် မိုင်းအော့ကျေးရွာ စာသင်ကျောင်း ဆောက်လုပ်ရန်အတွက် သစ်များ တင်ဆောင်ထားသော ဗွက်နစ်နေသည့် ဆယ်ဘီးကားတစ်စီးအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း။

သောင်းကျန်းသူများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ကားအင်ဂျင်ပိုင်းနှင့် ရှေ့ဘီးနှစ်လုံး မီးလောင်ပျက်စီးသွားခဲ့ကြောင်း၊ ယာဉ်မောင်းများမှာ လမ်းဘေး တောအုပ်အတွင်းသို့ ထွက်ပြေးလွတ်မြောက်ခဲ့သဖြင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ကြောင်း သိရှိရသည်။ ယင်းဖြစ်စဉ်အား သိလျှင်သိချင်း နယ်မြေခံ တပ်မတော် စစ်ကြောင်းများက ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ သောင်းကျန်းသူများနောက်သို့ ပိတ်ဆို့ချေမှုန်းနိုင်ရေး ထက်ကြပ် လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန
ကျောင်းအပ်နှံရေးသီတင်းပတ်
မေလ ၂၅ ရက် မှ ၃၁ ရက်အထိ
ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

အမည်ပြောင်းခြင်း

ရန်ကုန်မြို့နေ ဦးခင်မောင်လွင်-ဒေါ်စန်းသီ တို့၏သား အမက(၃၀) လှိုင်မြို့နယ် စတုတ္ထတန်း(A) မှ မောင်မြတ်မိုးအား မောင်ငြိမ်းချမ်းစည်သူဟု ပြောင်းလဲခေါ်ပါရန်။

မောင်ငြိမ်းချမ်းစည်သူ

အမည်ပြောင်းခြင်း

အဘ ဦးသန်းလွင်၏သား ယုဇန ဥယျာဉ်မြို့တော် ဒဂုံဆိပ်ကမ်းမြို့နယ် (၉၄)ရပ်ကွက် Grade 7 မှ မောင်ကိုကိုထွန်းအား မောင်ထူးဇေယျာဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ထူးဇေယျာ**

ပညာသင်ထောက်ပံ့ကြေး၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများထောက်ပံ့

ရန်ကုန် မေ ၂၂

ပြည်ထဲရေး ဝန်ကြီးဌာန အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးနှင့်အင်းစိန်ဗဟိုအကျဉ်းထောင်တို့မှ ဝန်ထမ်းများ၏ သားသမီး ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး၊ ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့ည ၇နာရီတွင် အကျဉ်းဦးစီးဌာန အောင်မင်္ဂလာခန်းမ၌ကျင်းပရာ အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် အကျဉ်းဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူ ၆၄၇ ဦးအတွက် ပညာသင်ထောက်ပံ့ငွေကျပ် ၁၉၉၄၀၀၀နှင့် ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများအတွက် ထောက်ပံ့ငွေကျပ် ၁၁၂၄၄၀၀ကို Mother Trading Co., Ltd. မှ အလှူရှင် ဦးအောင်မြတ်က ကျောင်းသုံးစာရေးကိရိယာများ တန်ဖိုးငွေကျပ် ၁၅၆၀၀၀၀နှင့် အလှူရှင် ဌာနခွဲ စာရေး ဒေါ်ခိုင်ခိုင်နွယ်က ထောက်ပံ့ငွေကျပ် ၇၅၆၀၀ စုစုပေါင်း ထောက်ပံ့ငွေကျပ် ၄၇၅၄၀၀၀ကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၂

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် မေဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် ရဲမွန်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်းနှင့် ထိုနေ့နံနက် ၅နာရီ ၁၅မိနစ်တွင် မြန်မာနိုင်ငံဂေါက်ကွင်းမှ ကားများ ထွက်ခွာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

မုံရွာမြို့နယ်၊ အလုံတပ်မြို့နေ
ဦးစံ(ကျောင်းဆရာ-ငြိမ်း)-ဒေါ်မြသန်း တို့၏သား

ဗိုလ်ကြီးမျိုးသီဟန်

M.B.,B.S(DSMA), M.Med.Sc(Final Yr) (Rehab Medicine)

နှင့်

ရန်ကုန်မြို့နေ
ဗိုလ်မှူးကြီးဝင်းမြင့်(အမှတ်-၁၊ စက်မှုဝန်ကြီးဌာန)-ဒေါ်စန္ဒာဝင်း တို့၏သမီး

မမြင့်ကေခိုင်အောင် B.Sc (Chemistry)

တို့၏ ၁၉-၅-၂၀၀၇ (စနေနေ့)တွင် IBC၌ ကျင်းပသော မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့အားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့်ဇနီး ဒေါ်မာမာဝေတို့အားလည်းကောင်း၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း လက်ဖွဲ့ပစ္စည်းများပေးပို့ကြပါသော စစ်ဘက်နယ်ဘက်မှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အခမ်းအနားမှူးဦးညွန့်ဝေ၊ မင်္ဂလာပန်းကြဲပေးသော မရတနာကိုကို၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော ဒေါက်တာမဥ္ဆူကိုကို၊ သတို့သားအရံ ဗိုလ်ကြီး ဟိန်းဇော်နှင့် ဗိုလ်ကြီးလှမင်းအောင်၊ သတို့သမီးအရံ မဖြိုးမိုမိုဇော်ဝင်းနှင့် မရွှေရည်ဝင်းမြင့်၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးမျိုးသီဟန်-မမြင့်ကေခိုင်အောင်

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ စေတနာသုခလမ်း၊ အိမ်အမှတ် (၃၈)နေ
ဦးအောင်သန်း [စက်ရုံမှူး (ငြိမ်း) စား/ဖျော်-ခေါက်ဆွဲစက်] - ဒေါ်သန်းသန်းဝင်း
[လ/ထကထိက (ငြိမ်း) ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်] တို့၏သားလတ်

မောင်မျိုးကျော် B.E (Chemical)

Semester 2, Environmental Engineering and Management (A.I.T), Thailand

နှင့်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်းမကြီး၊ အိမ်အမှတ် (၃၈)နေ
ဦးကျော်အောင် @ George Chang [သရုပ်ပြ(ငြိမ်း) ဓာတုဗေဒဌာန၊
ရန်ကုန်စက်မှုတက္ကသိုလ်]- ဒေါ်ဝင်းဝင်း [ပါမောက္ခ/ဌာနမှူး (ငြိမ်း) ဓာတုဗေဒဌာန၊
မကွေးတက္ကသိုလ်] တို့၏တစ်ဦးတည်းသောသမီး
ကိုကျော်ဝင်းအောင် (E/O, Uniteam Marine)-မဖြူဝင်းခိုင်တို့၏ညီမ

မချောစုစုဝင်း

B.Sc (Hons:) Maths; M.I.Sc (Computer Science)
Graduate Diploma in System Analysis (ISS, NUS)
Software Engineer (IBBU, ST Electronics), Singapore

တို့သည် နှစ်ဖက်သောမိဘတို့၏သဘောတူညီချက်အရ စင်ကာပူနိုင်ငံမှ တရားရုံးတွင် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မျိုးကျော်-မချောစုစုဝင်း

‌စေ့စပ်ကြောင်းလမ်းခြင်းမင်္ဂလာ

ရှမ်းပြည်နယ်မြောက်ပိုင်း၊ သိန္နီမြို့၊ (၄)ရပ်ကွက်၊ အမှတ်(၁၆)နေ
ဦးမောင်မောင်-ဒေါ်နန်းကြည်ညွန့် တို့၏သား
စင်ကာပူနိုင်ငံနေ Dr.စိုင်းကျော်ရွှေ (Managing Director-Ngwe Kachin Group Co., Ltd.) - ဒေါ်သန်းသန်းထွေး တို့၏တူသား

စိုင်းအွန်ခေး(ခ)စိုင်းနောင့်

(Managing Director-Shwe Paing Phyo General Trading Co., Ltd.)

နှင့်

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ မလိခအိမ်ရာ၊ တိုက်(၈)၊ (၀၁)နေ
ဦးကျော်ဝင်း (Genius Guitar Shop) - ဒေါ်လှဝင်းကြည်တို့၏သမီး
ဒေါ်နီနီလွင်(ကထိက၊ ရုက္ခဗေဒဌာန၊ ဟသ်ာတတက္ကသိုလ်)၏ တူမ

မမေမီကျော်ဝင်း B.Sc (Chem)

တို့သည် ၂၂-၅-၂၀၀၇ရက် Sedona Hotel တွင် နှစ်ဖက်သောမိဘဆွေမျိုးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး ဒုတိယဦးစီးမှူး ဒေါ်နုနုခိုင်၏ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
စိုင်းအွန်ခေး-မမေမီကျော်ဝင်း

အရာထမ်းငယ် အခြေခံသင်တန်း အမှတ်စဉ်(၃၈)ပွင့်

ရန်ကုန် မေ ၂၂

အရာထမ်းငယ် အခြေခံသင်တန်းအမှတ်စဉ်(၃၈)သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၇နာရီခွဲတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)အုန်းတောခန်းမ၌ ကျင်းပရာ ဗဟိုဝန်ထမ်းတက္ကသိုလ်ပါမောက္ခချုပ် ဦးဝင်းမောင်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။

၂၃၉ ဦး တက်ရောက်

သင်တန်းဖွင့်ပွဲသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ ဌာနစုမှူးများ၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသား၊ သင်တန်းသူ ၂၃၉ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ (၆-မိုင်ခွဲ)နေ
ဦးမြင့်ဆွေ(ဒုတိယညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန)-ဒေါ်ကြည်ကြည်ဝင်း
တို့၏ သားငယ်

မောင်ဝင်းထူးအောင်

B.Sc (Physics)

နှင့်

ရန်ကုန်မြို့၊ ရွှေတောင်ကုန်းရိပ်သာနေ
ဒေါက်တာဦးသန်းထွဋ်(ဒု-ဆရာဝန်ချုပ်၊ မြန်မာ့မီးရထား-ငြိမ်း)-ဒေါ်ရင်ရင်မေ တို့၏
တစ်ဦးတည်းသောသမီး

မကြေးမုံထွဋ်

B.Sc (Physics), B.Sc(Hons:) Computing & Information Systems(UK)

တို့၏ ၁၉-၅-၂၀၀၇ ရက်တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်သော မင်္ဂလာညည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ Mr. Chen Chen(@) ကိုခင်စိန် (Head of Political Section)နှင့် ဇနီး Mrs. Ni Hong Wei၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဦးဘသန်း (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ဝန်ထမ်းရေးရာဦးစီးဌာန) နှင့် ဇနီး ဒေါ်ခင်မိမိ(ကထိက၊ ငြိမ်း၊ ရန်ကုန် တက္ကသိုလ်)တို့အားလည်းကောင်း၊ မေတ္တာဖြင့် လက်ဖွဲ့ပေးပို့ပါသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဇနီး ဒေါ်နီနီဝင်း၊ ဒုတိယဝန်ကြီး ဦးအုန်းမြင့်နှင့် ဇနီး ဒေါ်သက်ဝါ၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးကြသော ဦးခင်မောင်သိန်း(ဝန်ကြီး-ငြိမ်း)နှင့် ဇနီး ဒေါ်စုစုသိန်း၊ (ဗိုလ်မှူးချုပ်လွန်းမောင်)၏ ဇနီး ဒေါ်ရွှေသက်တို့အားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော ရပ်ဝေး၊ ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၁၂-၅-၂၀၀၇ရက်တွင် ရွှေတောင်ကုန်းနေအိမ်၌ မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးပါသော ရှေ့နေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ထွေးမြင့်၊ မင်္ဂလာညည့်ခံပွဲ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာပန်းကြဲပေးသော မကြာဖြူပွင့်၊ မင်္ဂလာပန်းကုံးဗန်းကိုင်ပေးသော မအိအိခိုင်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ပေးသော မဇီဇဝါအောင်ဇော်လှ၊ သတို့သားအရံ မောင်လင်းသိန်းမောင်၊ မောင်ရဲရင့်မင်းမောင်၊ သတို့သမီးအရံ မချိုသဲကြည်၊ မခင်ခင်ထွေး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင် ဟေမာနေဝင်း၊ စန္ဒရားသိန်းမြင့်သန်း၊ မင်္ဂလာဝတ်စုံနှင့် အလှမိတ်ကပ်ခင်စန်းဝင်းနှင့်အဖွဲ့၊ ဗီဒီယိုမှတ်တမ်းတင် စိုင်းဘုန်းထူးနှင့် အဖွဲ့၊ မေတ္တာဖြင့် ရတနာများဆင်မြန်းပေးကြသော အန်တီမိုး(မြင့်သရဖူ)၊ အန်တီနီလာ(နီလာရတနာ)၊ မချောစု(စိမ်းလန်းစိုပြည်)၊ ဦးရဲမြင့် (လက်ထောက်ညွှန်မှူး-ငြိမ်း)နှင့် ဆည်မြောင်းအဖွဲ့၊ Sedona Hotelမှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဝင်းထူးအောင်-မကြေးမုံထွဋ်

ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များအတွက် သတင်းကောင်း

- သဘာဝရေချိုပုစွန်တုပ်ကြီးများမှ နည်းစနစ်မှန်ကန်စွာ ဖောက်ယူထားသော ကျန်းမာသန်စွမ်းသည့် ရေချိုပုစွန်သားပေါက်များ။
- မျိုးကောင်းမျိုးသန့်ငါးများကို ရွေးချယ်စုဆောင်း၍ နည်းစနစ်ကျနစွာ ဖောက်ယူပြုစုထားသော ငါးမြစ်ချင်း၊ ငါးတန်သားပေါက်များ။
- ပုစွန်မွေးမြူသူများ အကျိုးအမြတ် ပိုမိုရရှိစေရန် ရည်ရွယ်၍ သန့်ရှင်းလတ်ဆတ်သော ကုန်ကြမ်း၊ လိုအပ်သော အာဟာရဓာတ်နှင့် အရည်အသွေးပြည့်ဝသော ဖြည့်စွက်အားဆေးများ အသုံးပြု၍ နိုင်ငံတကာအဆင့်မီ စက်သစ်ကြီးဖြင့် စံချိန်စံညွှန်းပြည့်မီစွာ ထုတ်လုပ်ထားသော ရေချို၊ ရေငန်ပုစွန်အစာများ လိုအပ်သလောက် ရရှိနိုင်ပါသည်။
- အကျိုးတူ ပူးပေါင်း ဆောင်ရွက်လိုသူများအား ဖိတ်ခေါ်ပါသည်။

ဆက်သွယ်ရန်

ကုဋေဌေး ပုစွန်သားဖောက်စခန်း . . . . ဖုန်း - ၀၉ - ၅၀၁၆၉၈၁၊ ၀၁ - ၇၀၁၃၉၇
ရွှေငါး ငွေငါး ငါးသားဖောက်စခန်း . . . . ဖုန်း - ၀၁ - ၂၄၄၉၈၄၊ ၀၁ - ၂၄၄၉၅၆
ရွှေတောင်ငွေတောင်ပုစွန်အစာစက်ရုံ . . . . ဖုန်း - ၀၉ - ၅၀၂၂၇၆၃၊ ၀၁ - ၇၁၀၇၀၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယသမ္မတနိုင်ငံ စစ်သံမှူးများအား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် တာဝန်ထမ်းဆောင်ခြင်း ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ စစ်သံမှူး Col. Jasvinder Singh Chopra **နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့်** Col. Manoj Mukund Narvane **တို့အား ယနေ့ ညနေ ၄နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး တာဝန်ထမ်းဆောင်ခြင်း ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ စစ်သံမှူး Col. Jasvinder Singh Chopra **အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Col. Manoj Mukund Narvane **အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့မိုးလေဝသ

၂၃-၅-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကြေးမုံ The Mirror ဆောင်းပါး အညွှန်း

"အများထင်နေကြသော ဆေးရုံတက်ရင်ပိုက်ဆံရှိမှဟူသော အထင်ကို ဤပြည်သူ့ဆေးရုံက အမြင်မှန်ပေးနေပါသည်။ အမှန်ဆင်းရဲသူများ (ဆင်းရဲယောင်ဆောင်သူများကို မဆိုလိုပါ)အတွက် ဤပြည်သူ့ဆေးရုံကြီးမှ အမှန် အိတ်စိုက်ကုသပေးနေပါ၏"

အောင်ဆွေဦး(အမ်ဂျီအက်စ်–မော်ဘီ)၏ **"ပုံပြင်မဟုတ်ပါ"** (ဆောင်းပါး)စာမျက်နှာ–၃